မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၀ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်အမှတ် (၁၁/၂၀၁၂) နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့စွဲပါ အမိန့်အမှတ် (၁၇/၂၀၁၂) တို့ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (၁) | ဦးသိန်းစိန်<br>နိုင်ငံတော်သမ္မတ | ဥက္ကဋ္ဌ |
| (၂) | ဒေါက်တာစိုင်းမောက်ခမ်း<br>ဒုတိယသမ္မတ | အဖွဲ့ဝင် |
| (၃) | ဦးညာဏ်ထွန်း<br>ဒုတိယသမ္မတ | အဖွဲ့ဝင် |
| (၄) | သူရဦးရွှေမန်း<br>ဥက္ကဋ္ဌ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |
| (၅) | ဦးခင်အောင်မြင့်<br>ဥက္ကဋ္ဌ<br>အမျိုးသားလွှတ်တော် | အဖွဲ့ဝင် |
| (၆) | ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်<br>တပ်မတော်ကာကွယ်ရေးဦးစီးချုပ် | အဖွဲ့ဝင် |

(၇) ဒုတိယဗိုလ်ချုပ်ကြီးကိုကို — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(၈) ဒုတိယဗိုလ်ချုပ်ကြီးဝေလွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
ကာကွယ်ရေးဝန်ကြီးဌာန

(၉) ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(၁၀) ဒေါက်တာထွန်းရှင် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်

(၁၁) ဦးလှထွန်း — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတော်သမ္မတရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

## (အမိန့်အမှတ် ၁၅/၂၀၁၃)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

### ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့စွဲပါ အမိန့်အမှတ် (၁၂/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော **"ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ"** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(၁) ဒေါက်တာစိုင်းမောက်ခမ်း — ဥက္ကဋ္ဌ
ဒုတိယသမ္မတ

(၂) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း — ဒုတိယဥက္ကဋ္ဌ
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

(၃) ဦးအောင်မင်း — ဒုတိယဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး

(၄) ဦးသိန်းဇော် ဒုတိယဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(၅) ဦးအုန်းမြင့် အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၆) ဦးစိုးသိန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၇) ဦးသန်းဌေး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၈) ဦးခင်ရီ အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၉) ဦးဝင်းထွန်း အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၁၀) ဦးခင်မောင်စိုး အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး

(၁၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်များ အဖွဲ့ဝင်

(က) ဝန်ကြီးချုပ်
ကချင်ပြည်နယ်အစိုးရအဖွဲ့

(ခ) ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

(ဂ) ဝန်ကြီးချုပ်
ကရင်ပြည်နယ်အစိုးရအဖွဲ့

(ဃ) ဝန်ကြီးချုပ်
ချင်းပြည်နယ်အစိုးရအဖွဲ့

(င) ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

(စ) ဝန်ကြီးချုပ်
တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဆ) ဝန်ကြီးချုပ်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

(ဇ) ဝန်ကြီးချုပ်
မွန်ပြည်နယ်အစိုးရအဖွဲ့

(ဈ) ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

(ည) ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

(၁၂) တပ်မတော်မှ တိုင်းမှူးများ အဖွဲ့ဝင်

(က) တိုင်းမှူး
မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ခ) တိုင်းမှူး
အရှေ့မြောက်တိုင်းစစ်ဌာနချုပ်

(ဂ) တိုင်းမှူး
အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်

(ဃ) တိုင်းမှူး
အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်

(င) တိုင်းမှူး
တြိဂံဒေသတိုင်းစစ်ဌာနချုပ်

(စ) တိုင်းမှူး
အရှေ့တောင်တိုင်းစစ်ဌာနချုပ်

(ဆ) တိုင်းမှူး
ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်

(ဇ) တိုင်းမှူး
အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်

(ဈ) တိုင်းမှူး
အနောက်မြောက်တိုင်းစစ်ဌာနချုပ်

(ည) တိုင်းမှူး
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်

(၁၃) ဒုတိယဝန်ကြီး — အဖွဲ့ဝင်
ပြည်ထဲရေးဝန်ကြီးဌာန

(၁၄) ဗိုလ်ချုပ်ဇော်ဝင်း — အဖွဲ့ဝင်
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(၁၅) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ဒုတိယရှေ့နေချုပ်

(၁၆) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသားများ — အဖွဲ့ဝင်

(က) ဒေါ်ဒွဲဘူ
ကချင်တိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ခ) ဦးစိုးရယ်
ကယားတိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဂ) ဦးစောသိန်းအောင်
ကရင်တိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဃ) ဦးခွန်လိန်း
ချင်းတိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(င) ဒေါ်မိယဉ်ချမ်း
မွန်တိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(စ) ဦးဘရှိန်
ရခိုင်တိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဆ) ဦးစတီဖန်
ရှမ်းတိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဇ) ဦးလှထွန်း
နာဂတိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(ဈ) ဦးကျင်ဝမ်း
"ဝ" တိုင်းရင်းသား
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

(၁၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တိုင်းရင်းသားများ အဖွဲ့ဝင်

(က) ဦးစခုန်တိန့်ယိန်း
ကချင်တိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ခ) ဦးဆန်းရယ်
ကယားတိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဂ) ဦးစောထွန်းမြအောင်
ကရင်တိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဃ) ဦးပေါ်လျှံလွင်
ချင်းတိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(င) ဦးစောအုန်း
မွန်တိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(စ) ဦးအုန်းတင်
ရခိုင်တိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(ဆ) ဦးစိုင်းကျော်ဇောသန်း
ရှမ်းတိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(၉) ဦးမြတ်ကို
နာဂတိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(၈၂) ဦးဆိုင်ပေါင်းနပ်
“ဝ” တိုင်းရင်းသား
အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

(၁၈) ဦးဇော်သန်းသင်း အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၆/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးတင်စိုးအား စစ်ဘက်မူလတာဝန်များပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) မှ ဗိုလ်မှူးကြီးဇော်မျိုးတင်အား ကယားပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**(အမိန့်အမှတ် ၁၇/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအုံ့ဇော်အား စစ်ဘက်မူလတာဝန်များ ပြန်လည်ထမ်းဆောင်စေပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (စ) နှင့် ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အမှတ် (၈၈) ခြေမြန်တပ်မဌာနချုပ်မှ ဗိုလ်မှူးကြီးဇော်လင်းအောင်အား မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက် )

**ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီ၏ “၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း” ကို ထုတ်ပြန်ကြေညာခြင်း**

ပြည်သူ့လွှတ်တော် တရားစီရင်ရေးနှင့်ဥပဒေရေးရာကော်မတီက ပြည်သူ့လွှတ်တော်သို့ တင်သွင်းသော “၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း” အား ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၃ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) သူရရွှေမန်း
ဥက္ကဋ္ဌ
ပြည်သူ့လွှတ်တော်

# ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း

## ( ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် - )

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ရက် )

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသူများသည် အကြောင်းအမျိုးမျိုးကြောင့် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိမှုများ ကြုံတွေ့ကြရာတွင် အချိန်မီအရေးပေါ်ဆေးကုသမှုဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် အသက်မဆုံးရှုံးသင့်ဘဲ အသက်ဆုံးရှုံးရမှုများ ကြုံတွေ့နေသဖြင့် အချိန်မီဆေးကုသနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည် -

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ**ဆိုသည်မှာ မော်တော်ယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် စက်တပ်ယာဉ်တစ်မျိုးမျိုး သို့မဟုတ် စက်တပ်ဆင်ထားခြင်းမရှိသော ယာဉ်တစ်မျိုးမျိုး သို့မဟုတ် ပြစ်မှုဆိုင်ရာမှုခင်းတစ်ရပ်ရပ် သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် ထိခိုက်ဒဏ်ရာရရှိသူကို ဆိုသည်။

(ခ) **ရဲတပ်ဖွဲ့**ဆိုသည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသူ ရဲတပ်ဖွဲ့ဝင်များကို ဆိုလိုသည်။

(ဂ) **ဆေးကုသစောင့်ရှောက်ပေးသူဆိုသူမှာ** မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကိုဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီက ထုတ်ပေးသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုဖြစ်စေ၊ သူနာပြုနှင့် သားဖွားကောင်စီက ထုတ်ပေးသော သူနာပြု သို့မဟုတ် ရှေးဦးသူနာပြုတတ်ကျွမ်းသူများ သို့မဟုတ် သားဖွားလိုင်စင်ကိုဖြစ်စေ ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူများကို ဆိုသည်။

(ဃ) **ကျန်းမာရေးဆိုင်ရာဆေးခန်းဆိုသည်မှာ** ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော ဆေးရုံ၊ ဆေးခန်း သို့မဟုတ် ပြင်ပလူနာများအတွက် သတ်မှတ်ချက်များနှင့်အညီ ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းကို ဆိုသည်။

(င) **နိုင်ငံသားဆိုသည်မှာ** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၄၅ (က) (ခ) အရ ပြဋ္ဌာန်းသတ်မှတ်သူကို ဆိုသည်။

(စ) **ထိခိုက်ဒဏ်ရာရရှိသူလူနာများအား ကူညီစောင့်ရှောက်ရန်တာဝန်**ဆိုသည်မှာ ထိခိုက်ဒဏ်ရာရရှိသူလူနာများအား ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီစောင့်ရှောက်ပေးရန် တာဝန်ကို ဆိုသည်။

## အခန်း (၂)
## ထိခိုက်ဒဏ်ရာရရှိသူအား ကူညီစောင့်ရှောက်ခြင်း

၃။ ထိခိုက်ဒဏ်ရာရရှိသူအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကနဦးတွေ့ရှိသူ သို့မဟုတ် ကနဦးသတင်းရရှိသူသည် ထိခိုက်ဒဏ်ရာရရှိသူအား အနီးဆုံးကျန်းမာရေးဆိုင်ရာဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်မှုပေးသူထံ သင့်လျော်သောနည်းလမ်းဖြင့် ဆောလျင်စွာပို့ဆောင်နိုင်ရေးအတွက် သင့်လျော်သလို ဆက်သွယ်စီစဉ်ဆောင်ရွက်ရမည်။ ကနဦးတွေ့ရှိသူသည် ဆေးကုသစောင့်ရှောက်ပေးသူဖြစ်ပါက လိုအပ်သည့် ဆေးကုသစောင့်ရှောက်မှုများ ဦးစွာဆောင်ရွက်ရမည်။

၄။ ကျန်းမာရေးဆိုင်ရာဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးသူသည် ထိခိုက်ဒဏ်ရာရရှိသူအား စတင်လက်ခံရရှိပြီး ထိခိုက်ဒဏ်ရာရရှိသူသည် အသက်ဘေးအန္တရာယ် စိုးရိမ်ရသော အခြေအနေပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက လိုအပ်သည့် အရေးပေါ်ဆေးဝါးကုသမှုနည်းစနစ်များနှင့်အညီ ဦးစွာကုသစောင့်ရှောက်ရမည်။ လိုအပ်ပါက ဆက်လက်ကုသမှုပြုရန် ရရှိသည့်ဒဏ်ရာနှင့်လျော်ညီသည့် ကျန်းမာရေးဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးသူထံ မိမိ၏ဆေးကုသမှုမှတ်တမ်း၊ စစ်ဆေးတွေ့ရှိချက်များနှင့်အတူ လူနာကို အချိန်မီလွှဲပြောင်းပေးပို့ပေးရမည်။

၅။ ကျန်းမာရေးဆိုင်ရာဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးသူသည် ထိခိုက်ဒဏ်ရာရရှိသူအား စတင်လက်ခံရရှိပြီး လူနာသည် မှုခင်းဆိုင်ရာထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့သို့ အလျင်အမြန်ဆက်သွယ်အကြောင်းကြားရမည်။

၆။ ကနဦးတွေ့ရှိသူ သို့မဟုတ် ကျန်းမာရေးဆိုင်ရာဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးသူသည် ထိခိုက်ဒဏ်ရာရရှိသူသည် မှုခင်းဆိုင်ရာထိခိုက်ဒဏ်ရာရရှိခြင်းဖြစ်ပါက ရဲတပ်ဖွဲ့မှုခင်းဆေးစာမပါရှိသော်လည်း ဤဥပဒေပုဒ်မ - ၄ ပါအတိုင်း ကုသဆောင်ရွက်ပေးရမည်။

၇။ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူအား ဤဥပဒေပုဒ်မ - ၄ ပါအတိုင်း လွှဲပြောင်းလက်ခံရရှိသည့် ကျန်းမာရေးဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးသူသည် ရဲတပ်ဖွဲ့မှုခင်းဆေးစာမပါရှိသော်လည်း အသက်ဘေးအန္တရာယ်ကို ကူညီစောင့်ရှောက်ရန် လိုအပ်သည့် ဆေးဝါးကုသမှုများ ချက်ချင်းဆောင်ရွက်ရမည်။ ယင်းဆောင်ရွက်ချက်ဆေးကုသမှုမှတ်တမ်း၊ စစ်ဆေးတွေ့ရှိချက်များ ပြည့်စုံစွာရေးသွင်းထားရှိရမည်။

၈။ သက်ဆိုင်ရာရဲတပ်ဖွဲ့သည် ထိခိုက်ဒဏ်ရာရရှိကြောင်း သိရှိရပါက တည်ဆဲဥပဒေ၊ မြန်မာနိုင်ငံရဲလက်စွဲ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီကုသနိုင်ရေးအတွက် ချက်ချင်းဆောင်ရွက်ပေးရမည်။

၉။ နိုင်ငံသားတိုင်းသည် ထိခိုက်ဒဏ်ရာရရှိသူလူနာများအား အချိန်မီဆေးကုသနိုင်ရေးအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီစောင့်ရှောက်ပေးရန် တာဝန်ရှိသည်။

## အခန်း (၃)
## ပြစ်ဒဏ်များ

၁၀။ ထိခိုက်ဒဏ်ရာရရှိသူလူနာကို ကနဦးတွေ့ရှိသူ နိုင်ငံသားတိုင်းသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ ကူညီစောင့်ရှောက်ရန်တာဝန်ကို လိုက်နာရန် တမင်ပျက်ကွက်လျှင် ထိုသူကို အနည်းဆုံး ၅၀၀၀၀ိ/- မှ အများဆုံး ၁၀၀၀၀၀ိ/- ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၁၁။ (က) ထိခိုက်ဒဏ်ရာရရှိသူလူနာ စတင်လက်ခံရရှိသူ သို့မဟုတ် လွှဲပြောင်းလက်ခံရရှိသည့် ကျန်းမာရေးဆိုင်ရာဆေးခန်း သို့မဟုတ် ဆေးကုသစောင့်ရှောက်ပေးရန် တာဝန်ရှိသူသည် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူအား ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ ကူညီစောင့်ရှောက်ရန် တာဝန်ကို လိုက်နာရန် ပျက်ကွက်လျှင် အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ပြစ်ဒဏ်များကိုဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊

(၂) အပြင်းအထန်သတိပေးခြင်း၊

(၃) ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာမှတ်ပုံတင်လက်မှတ်၊ လိုင်စင် သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အခြားလက်မှတ်တစ်မျိုးမျိုးအား ကာလကန့်သတ်၍ ရပ်ဆိုင်းခြင်း၊

(၄) ဆေးကုသခွင့်လိုင်စင် သို့မဟုတ် ဆေးဝါးကုသမှုဆိုင်ရာမှတ်ပုံတင်လက်မှတ်၊ လိုင်စင် သို့မဟုတ် ကျန်းမာရေးဆိုင်ရာအခြားလက်မှတ်တစ်မျိုးမျိုးအား ရာသက်ပန်ရုပ်သိမ်းခြင်း သို့မဟုတ်

(ခ) ကူညီစောင့်ရှောက်ရန်တာဝန်ကို တမင်ပျက်ကွက်၍ ထိခိုက်ဒဏ်ရာရရှိသူ သေဆုံးလျှင် ထိုသူကို ၃ နှစ်ထက်မပိုသည့် ထောင်ဒဏ် ချမှတ်ရမည်။

၁၂။ ထိခိုက်ဒဏ်ရာရရှိကြောင်း ကနဦးသိရှိရသည့် တာဝန်ရှိသူ သက်ဆိုင်ရာရဲတပ်ဖွဲ့သည် တည်ဆဲဥပဒေ၊ မြန်မာနိုင်ငံရဲလက်စွဲ၊ လုပ်ထုံးလုပ်နည်းနှင့် ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

## အခန်း (၄)
## အထွေထွေ

၁၃။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ထိခိုက်ဒဏ်ရာရရှိသူလူနာအား ဤဥပဒေပါ ပြဋ္ဌာန်းချက်၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ ကူညီစောင့်ရှောက်ရန် တာဝန်အရ ဆောင်ရွက်သူ မည်သူ့ကိုမဆို တည်ဆဲဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်အရဖြစ်စေ တရားစွဲဆို အရေးယူခြင်း မပြုရ။

၁၄။ ထိခိုက်ဒဏ်ရာရရှိသူလူနာအား ကူညီစောင့်ရှောက်ရန် တာဝန်အရ ဆောင်ရွက်ရာတွင် အမှန်တကယ် ကုန်ကျစရိတ်များကို သက်ဆိုင်ရာဝန်ကြီးဌာနက ထိုက်သင့်သူအား ထုတ်ပေးရမည်။

၁၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ဤဥပဒေအတည်ဖြစ်သောနေ့မှ ရက်ပေါင်း ၉၀ အတွင်း ထုတ်ပြန်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**အမျိုးသားလွှတ်တော် ဗီယက်နမ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ဗီယက်နမ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | အတွင်းရေးမှူး |
| (ဂ) | ဦးဘရန်ရှောင် | မဲဆန္ဒနယ်အမှတ် (၃)၊ ကချင်ပြည်နယ် | |
| (ဃ) | ဦးဆန်းရယ် | မဲဆန္ဒနယ်အမှတ် (၅)၊ ကယားပြည်နယ် | |
| (င) | ဦးစောတော်ပလဲ | မဲဆန္ဒနယ်အမှတ် (၇)၊ ကရင်ပြည်နယ် | |
| (စ) | ဦးဟာရှိန်းဘွေ | မဲဆန္ဒနယ်အမှတ် (၈)၊ ချင်းပြည်နယ် | |
| (ဆ) | ဦးဆိုင်ပေါင်းနပ် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ရှမ်းပြည်နယ် | |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၆/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**အမျိုးသားလွှတ်တော် လာအို-မြန်မာ လွှတ်တော်ချင်း**
**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် လာအို-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) ဒေါ်ရီရီမြင့် | မဲဆန္ဒနယ်အမှတ် (၁)၊ မွန်ပြည်နယ် | | ဥက္ကဋ္ဌ |
| (ခ) ဦးအောင်ချိုဦး | မဲဆန္ဒနယ်အမှတ် (၁၁)၊ ပဲခူးတိုင်းဒေသကြီး | | အတွင်းရေးမှူး |
| (ဂ) ဦးစိုင်းမြမောင် | မဲဆန္ဒနယ်အမှတ် (၁၀)၊ ကချင်ပြည်နယ် | | |
| (ဃ) ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် | | |
| (င) ဦးဆလိုင်းခွဲယန် | မဲဆန္ဒနယ်အမှတ် (၁၂)၊ ချင်းပြည်နယ် | | |
| (စ) ဦးကျော်သူဦး | မဲဆန္ဒနယ်အမှတ် (၅)၊ မကွေးတိုင်းဒေသကြီး | | |
| (ဆ) ဦးသက်လင်း | မဲဆန္ဒနယ်အမှတ် (၈)၊ ဧရာဝတီတိုင်းဒေသကြီး | | |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**အမျိုးသားလွှတ်တော် ကမ္ဘောဒီးယား-မြန်မာ လွှတ်တော်ချင်း**
**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ကမ္ဘောဒီးယား-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) ဒေါက်တာအေးမောင် | မဲဆန္ဒနယ်အမှတ် (၁)၊ ရခိုင်ပြည်နယ် | ဥက္ကဋ္ဌ |
| (ခ) ဒေါက်တာမြတ်ညဏ်စိုး | မဲဆန္ဒနယ်အမှတ် (၄)၊ ရန်ကုန်တိုင်းဒေသကြီး | အတွင်းရေးမှူး |
| (ဂ) ဦးခက်ထိန်နန် | မဲဆန္ဒနယ်အမှတ် (၁)၊ ကချင်ပြည်နယ် | |

(ဃ) ဦးစောအောင်ကျော်နိုင် မဲဆန္ဒနယ်အမှတ် (၁)၊ ကရင်ပြည်နယ်
(ခ) ရှားဘူးဖော့
(င) ဦးဇုန်လှယ်ထန်း မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ်
(စ) ဦးမင်းဦး မဲဆန္ဒနယ်အမှတ် (၇)၊ ပဲခူးတိုင်းဒေသကြီး
(ဆ) ဦးဇော်ဝင်း မဲဆန္ဒနယ်အမှတ် (၁၀)၊ မွန်ပြည်နယ်

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၈/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**အမျိုးသားလွှတ်တော် ထိုင်း-မြန်မာ လွှတ်တော်ချင်း**
**ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ထိုင်း-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးခင်မောင်ရီ မဲဆန္ဒနယ်အမှတ် (၆)၊ ဧရာဝတီတိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဦးဝီလ်ဆင်မိုး မဲဆန္ဒနယ်အမှတ် (၇)၊ ရှမ်းပြည်နယ် အတွင်းရေးမှူး
(ဂ) ဦးအောင်ကြည်ညွန့် မဲဆန္ဒနယ်အမှတ် (၄)၊ မကွေးတိုင်းဒေသကြီး
(ဃ) ဦးသော်ဇင်ဦး မဲဆန္ဒနယ်အမှတ် (၉)၊ မကွေးတိုင်းဒေသကြီး
(င) ဦးခင်မောင် (ခ) ဦးအောင်ကျော်ဦး မဲဆန္ဒနယ်အမှတ် (၃)၊ ရခိုင်ပြည်နယ်
(စ) ဦးစိုင်းသန့်ဇင် မဲဆန္ဒနယ်အမှတ် (၄)၊ ရှမ်းပြည်နယ်
(ဆ) ဒေါ်ခင်ဝိုင်းကြည် မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၃

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

### အမျိုးသားလွှတ်တော် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ဂျပန်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာခင်ရွှေ | မဲဆန္ဒနယ်အမှတ် (၉)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းနိုင်ရှိန် | မဲဆန္ဒနယ်အမှတ် (၅)၊ ပဲခူးတိုင်းဒေသကြီး | အတွင်းရေးမှူး |
| (ဂ) | ဒေါ်နော်မေးရီယန် | မဲဆန္ဒနယ်အမှတ် (၄)၊ ကယားပြည်နယ် | |
| (ဃ) | ဦးဇုန်လှယ်ထန်း | မဲဆန္ဒနယ်အမှတ် (၂)၊ ချင်းပြည်နယ် | |
| (င) | ဦးဝင်းမောင် | မဲဆန္ဒနယ်အမှတ် (၂)၊ မန္တလေးတိုင်းဒေသကြီး | |
| (စ) | ဦးနေဝင်းထွန်း | မဲဆန္ဒနယ်အမှတ် (၉)၊ ရှမ်းပြည်နယ် | |
| (ဆ) | ဗိုလ်မှူးကြီးမောင်မောင်ထူး | တပ်မတော်သားကိုယ်စားလှယ် | |

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၃

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

### အမျိုးသားလွှတ်တော် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ဩစတြေးလျ-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာမြင့်ကြည် | မဲဆန္ဒနယ်အမှတ် (၈)၊ ရန်ကုန်တိုင်းဒေသကြီး | ဥက္ကဋ္ဌ |
| (ခ) | ဦးစောမော်ထွန်း | မဲဆန္ဒနယ်အမှတ် (၁)၊ ပဲခူးတိုင်းဒေသကြီး | အတွင်းရေးမှူး |
| (ဂ) | ဒေါ်နန်းနီနီအေး | မဲဆန္ဒနယ်အမှတ် (၆)၊ ကရင်ပြည်နယ် | |

(ဃ) ဦးသိန်းဝင်း မဲဆန္ဒနယ်အမှတ် (၉)၊ စစ်ကိုင်းတိုင်းဒေသကြီး
(င) ဦးစိုးမြင့် မဲဆန္ဒနယ်အမှတ် (၆)၊ မကွေးတိုင်းဒေသကြီး
(စ) ဦးငွေမောင် မဲဆန္ဒနယ်အမှတ် (၁၂)၊ မန္တလေးတိုင်းဒေသကြီး
(ဆ) ဒေါက်တာစိုးဝင်း မဲဆန္ဒနယ်အမှတ် (၂)၊ မွန်ပြည်နယ်

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

**အမျိုးသားလွှတ်တော် ပြင်သစ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း ဖွဲ့စည်းခြင်း**

၁။ အမျိုးသားလွှတ်တော်သည် ပြင်သစ်-မြန်မာ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ပါမောက္ခဒေါက်တာမြဦး မဲဆန္ဒနယ်အမှတ် (၉)၊ ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ
(ခ) ဦးလှဆွေ မဲဆန္ဒနယ်အမှတ် (၁၂)၊ မကွေးတိုင်းဒေသကြီး အတွင်းရေးမှူး
(ဂ) ဦးမိုးမြင့် မဲဆန္ဒနယ်အမှတ် (၇)၊ တနင်္သာရီတိုင်းဒေသကြီး
(ဃ) ဒေါ်ခင်ဝိုင်းကြည် မဲဆန္ဒနယ်အမှတ် (၁)၊ ရန်ကုန်တိုင်းဒေသကြီး
(င) ဦးဖုန်းမြင့်အောင် မဲဆန္ဒနယ်အမှတ် (၃)၊ ရန်ကုန်တိုင်းဒေသကြီး
(စ) ဦးဝင်းသိန်း မဲဆန္ဒနယ်အမှတ် (၉)၊ ဧရာဝတီတိုင်းဒေသကြီး
(ဆ) ဦးသိမ်းဆွေ မဲဆန္ဒနယ်အမှတ် (၁၀)၊ ဧရာဝတီတိုင်းဒေသကြီး

၂။ အသင်းဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက်၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ အတည်ပြုချက်ဖြင့် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃**

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

**ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်တွင် အဖွဲ့ဝင် တိုးချဲ့ဖွဲ့စည်းခြင်း**

အမျိုးသားလွှတ်တော်သည် အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၂၊ ဥပဒေပုဒ်မ ၃၃ နှင့် ယင်းနည်းဥပဒေများ ၈၁၊ ၈၂ တို့အရ ဖွဲ့စည်းထားသော အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာ ကော်မရှင်တွင် အောက်ပါပုဂ္ဂိုလ်အား အဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| ဦးစောမြင့်မောင် | ဂုဏ်ထူးဆောင်ပါမောက္ခ | အဖွဲ့ဝင် |
| ၁၂/မရက (နိုင်) ၀၆၁၅၇၅ | Myanmar Egress | |

(ပုံ) ခင်အောင်မြင့်
ဥက္ကဋ္ဌ
အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**လွှတ်တော်ရုံး**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

**ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး သတ္တမရက်မြောက်နေ့ (၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့) တွင် ပြုလုပ်သော ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ထီးချိုင့်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ လူငယ်အချို့ "ကော်" ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက မည်သို့ကာကွယ်တားဆီးဟန့်တား၍ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည့် အခြေအနေမရှိလျှင် သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေထွက်ပေါ်ရေး ဆောင်ရွက်သွားမည့်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်း၏ဖြေကြားချက်**

**ဦးစိုးစိုး (ထီးချိုင့်မဲဆန္ဒနယ်) မှ လူငယ်အချို့ ကော်ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေထွက်ပေါ်ရေး ဆောင်ရွက်သွားမည့်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း မေးမြန်းချက်**

ကျွန်တော့်အနေနဲ့ လူငယ်ရေးရာအခန်းကဏ္ဍအတွက် မေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ မေးမြန်းလိုတဲ့မေးခွန်းကတော့ လူငယ်အချို့ ကော်ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက မည်သို့ ကာကွယ်တားဆီးမလဲ၊ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်မည့်အခြေအနေမရှိရင် သက်ဆိုင်ရာဝန်ကြီး ဌာနက ဥပဒေပေါ်ထွက်လာရေး ဆောင်ရွက်သွားမည့်အစီအစဉ် ရှိ/မရှိဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးမြန်းတင်ပြချင်တာ ကြာပါပြီ။ အကြောင်း တိုက်ဆိုင်လို့ ကော်ရှူသုံးစွဲတဲ့လူငယ်တွေကို အရေးယူပေးဖို့၊ ဆုံးမပေးဖို့ ရဲတပ်ဖွဲ့စခန်းကို အပ်နှံခဲ့ဖူးပါတယ်။

အရေးယူဖို့ ဥပဒေမရှိတဲ့အကြောင်း တာဝန်ရှိသူက ပြောခဲ့တဲ့အတွက် ကျွန်တော် မပြောဘဲနေခဲ့ခြင်း ဖြစ်ပါတယ်။ ယခုကဲ့သို့ တင်ပြရခြင်းမှာလည်း ကျွန်တော်တို့မြို့နယ်မှာကဲ့သို့ အခြားမြို့နယ်တွေမှာလည်း ဒီလိုဖြစ်စဉ်တွေရှိနေတဲ့အကြောင်း လေ့လာသိရှိရပါတယ်။ တာဝန်ရှိသူတွေက ဖြစ်စဉ်တွေအပေါ်မှာ အလေးအနက်ထားပြီး ဆောင်ရွက်လာစေချင်တဲ့ဆန္ဒ ရှိလာတဲ့အတွက် ယခုလိုတင်ပြရခြင်းပဲဖြစ်ပါတယ်။ လက်ရှိအခြေအနေမှာတော့ ကော်ရှူသုံးစွဲခြင်းမှအစ လူငယ်အချို့ ကိုယ့်ကိုယ်ကိုယ်အဆုံးစီရင်ခြင်း စတာတွေကို ဂျာနယ်တွေမှာ ဖော်ပြလာတာတွေ၊ လေလွင့်လူငယ်တွေကို အင်တာဗျူးမေးမြန်းချက်တွေကို တွေ့နေရပါတယ်။ ဒါကလည်း နိုင်ငံသားမိဘပြည်သူများ သိရှိအောင် တင်ပြနေခြင်းပဲဖြစ်ပါတယ်။ အထူးတင်ပြရရင်တော့ ကျွန်တော်တို့ရဲ့မျိုးဆက်သစ်လူငယ်တွေရဲ့ဘဝကို ကော်ရှူသုံးစွဲခြင်းကလည်း ခြိမ်းခြောက်နေပြီလို့ ပြောရမှာပဲဖြစ်ပါတယ်။ နောက်ဆက်တွဲတင်ပြရမယ်ဆိုရင်တော့ ဒါထက်အဆင့်မြင့်တဲ့ စိတ်ကြွဆေးပြားသုံးစွဲခြင်းတွေ၊ မူးယစ်ဆေးဝါး၊ ဘိန်းဖြူ ဘိန်းမည်း သုံးစွဲခြင်းတွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ TV အမှတ်တံဆိပ်ကော်ကို ပရိဘောဂလုပ်ငန်းတွေမှာသုံးစွဲဖို့ အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံက ဝင်လာပြီးတော့ သဘော်ာဆေးထုတ်လုပ်ရေးကုမ္ပဏီတစ်ခုက ဖြန့်ဖြူးတယ်လို့ သိရပါတယ်။ အဲ့ဒီလုပ်ငန်းခွင်သုံးပစ္စည်းကို နိုင်ငံအတွင်းမှာရှိကြတဲ့ လူငယ်အချို့က နည်းလမ်းမဟုတ်တဲ့သုံးစွဲခြင်းကို ဆောင်ရွက်လာပြီး ဥပဒေနဲ့ဆန့်ကျင်တဲ့အပြုအမူတွေကို ဆောင်ရွက်လာတာတွေ တွေ့ရှိနေရပါတယ်။ ကော်ရှူတဲ့နည်းစနစ်ကို ကျွန်တော် မေးကြည့်ပါတယ်။ ဆေးဘူးတန်ဖိုးက ၆၀၀ ကျပ်လောက်ပဲ ရှိပါတယ်။ ပလတ်စတစ်/ကြွပ်ကြွပ်အိတ်ထဲကို ဆေးကိုထည့်ပြီး လေမှုတ်သွင်းရှူတယ်လို့ သိရပါတယ်။ ဒီနေရာမှာလည်း တင်ပြလိုတာရှိပါတယ်။ ကော်တိုင်းလည်း ရှူလို့မရပါဘူး။ TV ဆိုတဲ့ ကော်မှ သုံးကြတယ်လို့ သိရပါတယ်။ ဆေးဘူးနမူနာ ကျွန်တော့်မှာ ပါပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဒါကို ဆောင်ရွက်ရင် မကောင်းတာဖြစ်လာမယ်။ ဒါကြောင့် ဥပဒေအရ ဆောင်ရွက်နိုင်မည့် စခန်းမှူးကို အပ်ပါတယ်။ စခန်းမှူးက ပြောတယ်။ ဥပဒေမရှိတဲ့အတွက် အရေးမယူနိုင်ဘူးလို့ ပြောပါတယ်။ ကျွန်တော်တို့ ဘာလုပ်မလဲ။ ကော်ရှူပြီး ထင်ရာလုပ်ကျူးလွန်လာမှ ဥပဒေအရ အရေးယူမှာလား။ ဘယ်လိုကာကွယ်တားဆီးမလဲ။ ဒါကို ကျွန်တော်တို့ စဉ်းစားကြရမှာဖြစ်ပါတယ်။ စခန်းမှူးဆိုလို့ အဲ့ဒီစခန်းမှူးလည်း ဆုံးသွားပါပြီ။ အခုဆိုရင် ကော်ရှူပြီး အရက်သောက် စိတ်ပိုပြီးကြွလာတယ်။ လူငယ်တွေ အုပ်စုဖွဲ့ပြီး ဆိုင်ကယ်စီးတယ်၊ အော်ဟစ်တယ်၊ ရန်ဖြစ်တယ်။ အဲ့ဒီတော့ တရားဥပဒေစိုးမိုးရေး၊ အေးချမ်းသာယာရေးနှင့်ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်လာတယ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒ့ါထက်အဆင့်မြင့်တာပြောရရင်တော့ စိတ်ကြွဆေးပြားသုံးရင် ပိုဆိုးလာမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိထုတ်ဝေနေတဲ့ သတင်း၊ ဂျာနယ်၊ စာစောင်တွေမှာဆိုရင် လူငယ်အုပ်စုတွေက ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီးတယ်။ အုပ်စုဖွဲ့ပြီး ရန်ဖြစ်ကြတယ်။ အုပ်စုနဲ့ဖွဲ့ပြီး လူသတ်တဲ့အဆင့်အထိ ဖြစ်လာတာတွေ တွေ့နေရပါတယ်။ ဒါဆိုရင် ပုံမှန်စိတ်မဟုတ်ပါဘူး။ ဆန်းစစ်ဖို့တော့ လိုအပ်နေပါပြီ။ ဘယ်တုန်းကမှ မကြားဘူးတဲ့ဖြစ်စဉ်ဖြစ်ရပ်တွေပဲ ဖြစ်ပါတယ်။ ကျွန်တော် တာဝန်တစ်ခုနဲ့ ၂၀၁၃ ဧပြီလလောက်မှာ နေပြည်တော်ကအပြန် မန္တလေးဝင်တော့ မန္တလေးလမ်းထောင့်နှစ်နေရာလောက်မှာ လူငယ်များ ဆိုင်ကယ်အုပ်စုနဲ့ နှစ်ဖွဲ့လောက်တွေ့ရပါတယ်။ အနည်းဆုံးအင်အား တစ်ဖွဲ့မှာ ၁၀ ဦး၊ ၁၅ ဦးထက်မနည်း ရှိပါတယ်။ အဲ့ဒီအဖွဲ့ထဲမှာ မိန်းကလေးအငယ်တွေပါ လှမ်းမြင်ရပါတယ်။ တွေ့ချိန်က ညသန်းခေါင်အချိန်ဖြစ်တဲ့အတွက် ကိုယ့်ဒေသမဟုတ်ပေမယ့် အကြောင်းတွေရှိနေတယ်လို့ ပြောကြရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုဆိုရင် ကျွန်တော်တို့လည်း ကိုယ့်မြို့နယ်မှာ ကိုယ်တတ်နိုင်တဲ့နည်းနဲ့ လုပ်ရပါတယ်။ TV ကော်ကို လာဝယ်ဖို့ မေးရင် အရမ်းမရောင်းဖို့၊ အမှန်သုံးစွဲတဲ့ ပရိဘောဂလုပ်တဲ့သူကိုသာရောင်းဖို့ ဒီလိုပဲပြောထားရပါတယ်။ TV ကော်ရှူခြင်းနှင့်ပတ်သက်ပြီး လမ်းပေါ်က လေလွင့်လူငယ်တွေရဲ့ခံစားချက်ကို သိလာရပါတယ်။ လမ်းပေါ်မှာအခြေပြုတယ်ဆိုတော့ အစားအသောက်ပုံမှန်မစားရဘူး။ ဘဝရပ်တည်မှုအခြေအနေမပေးတော့ မကောင်းတာကို လုပ်တယ်၊ ခိုးတယ်၊ လုတယ်၊ ဝှက်တယ် စသည်ဖြင့် ဆောင်ရွက်ကြပါတယ်။ TV ကော်ရှူပြီး လုပ်တော့ အစာငတ်ခံတယ်။ ပြဿနာဖြစ်ရင် ထိုးကြိတ်ရိုက်နှက်တာတွေကို ခံနိုင်ရည်ရှိတယ်လို့ သိရပါတယ်။

အခုဆိုရင် အသက်ကို အဆုံးစီရင်တာတွေ ရှိလာပါပြီ။ ကျွန်တော် ဆရာဝန်တစ်ဦးကို မေးကြည့်ဖူးပါတယ်။ မှန်/မမှန်တော့ မသိပါဘူး။ ဖော်စပ်ထားတဲ့ဆေးရဲ့အနံ့အသက်က စိတ်ကြွစေတယ်လို့လည်း ဆိုပါတယ်။ အဲ့ဒီတော့ အသုံးမပြုသင့်တဲ့နေရာမှာ သုံးလာတယ်။ အကျိုးမရှိမှန်းသိလာရင်တော့ သေချာစွာစစ်ဆေးပြီး တာဝန်ရှိတဲ့လူကြီးများက လိုအပ်သလို ဆောင်ရွက်သွားသင့်ပါတယ်။ မန္တလေးမှာ လူငယ်တစ်ဦး ကြိုးဆွဲချ သေဆုံးတာနှင့်ပတ်သက်ပြီး မျက်မြင်သက်သေတစ်ဦးက ပြောပါတယ်။ ကလေးတွေက လေလွင့်ကလေးတွေ ဖြစ်ပါတယ်။ သေဆုံးတဲ့ကလေးဟာ ကော်ရှူတဲ့ကလေးအုပ်စုနဲ့ အတူနေတယ်။ ဖြစ်တဲ့အချိန်မှာ ကော်ရှူ ထားပုံရတယ်။ သူတို့အဖွဲ့က ကော်ရှူထားရင် ထင်မိထင်ရာလုပ်တယ်လို့ ပြောပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်ရှူခြင်းဟာ လူငယ်တွေအတွက် အန္တရာယ်ရှိနေတာမို့ ကာကွယ်တားဆီးသွားဖို့ တာဝန်ရှိနေပါတယ်။ သို့ပါ၍ လူငယ်တွေရဲ့ ကောင်းမွန်တဲ့အနာဂတ်ကို ဖော်ဆောင်ပေးနိုင်ဖို့အတွက် တာဝန် ရှိသူများက ဘယ်လိုကာကွယ်တားဆီးမလဲ။ ဥပဒေမရှိသေးရင်လည်း သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ ဆက်လက်ဆောင်ရွက်မလဲ သိရှိလို၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုးစိုး (ထီးချိုင့်မဲဆန္ဒနယ်) ၏ လူငယ်အချို့ ကော်ရှူသုံးစွဲခြင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနက ဥပဒေထွက်ပေါ်ရေး ဆောင်ရွက်သွားမည့်အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းအား ဒေါက်တာဝင်းမြင့် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန) မှ ဖြေကြားချက်**

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနအနေဖြင့် ကော်ရှူသုံးစွဲမှုရှိတဲ့ အချို့မြို့နယ်များမှာ အစပျိုးလျက်ရှိတယ်ဆိုတာကို စိစစ်တွေ့ရှိရတဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ လမ်းညွှန်ချက်အရ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်၊ လားရှိုးမြို့မှာ လူငယ်များ ကော်ရှူသုံးစွဲမှုနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးဦးစီးဌာန မူးယစ်ဆေးစွဲရောဂါကုသရေးနှင့် သုတေသနဌာနက ကျွမ်းကျင်သူ အစုအဖွဲ့နဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာ လေ့လာဆန်းစစ်ခဲ့ပါတယ်။ အဲ့ဒီလေ့လာဆန်းစစ်ချက်အရ တွေ့ရှိချက် အချို့ကို တင်ပြရမယ်ဆိုရင် ကော်ရှူသူကျောင်းသားလူငယ်တစ်ဦးနှင့် ကျောင်းသားမဟုတ်သူ ၁၂ ဦး ရှိကြောင်း တွေ့ရှိခဲ့ပြီး အသက် ၂၀ နှစ်မှ ၂၄ နှစ်အကြား လူငယ်အများစုဖြစ်ပါတယ်။ ကော်တစ်မျိုးတည်း ရှူသူ ခုနစ်ဦးရှိပြီးတော့ အရက်၊ ဘိန်းမည်း၊ ဘိန်းဖြူ စိတ်ကြွရူးသွပ်ဆေးများ မသုံးရသည့်အခါ ကော်ရှူသူ ခြောက်ဦးဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကော်အမျိုးအစားမှာ TV Special Adhesive နှင့် AB ကော်နှင့် ဆင်ကော်များဖြစ်ကြောင်း၊ ကော်များကို ကားပစ္စည်းအရောင်းဆိုင်၊ အိမ်သုံးပစ္စည်းအရောင်းဆိုင်၊ ဆိုင်ကယ် အပိုပစ္စည်းအရောင်းဆိုင်၊ သဘော်ာဆေးဆိုင်များမှ ဝယ်ယူရရှိကြောင်း၊ တစ်ရက်လျှင် ၇၀၀ ကျပ်မှ ၁၆၀၀ ကျပ်အထိ ကုန်ကျကြောင်း၊ မိဘကပေးသောမုန့်ဖိုးငွေကို ကျောင်းသားများက ကော်ဝယ်ရန် အသုံးပြုပြီး ကျပန်းအလုပ်များက ရရှိသောငွေကိုတော့ ကျောင်းသားမဟုတ်တဲ့သူများက ကော်ဝယ်ရန် အသုံးပြုကြောင်း၊ သုံးစွဲသူများသည် ကော်ရှူခြင်းကို စမ်းသပ်လို၍လည်းကောင်း၊ သူငယ်ချင်းအပေါင်း အသင်းများ ရှူ၍လည်းကောင်း၊ မူးယစ်ဆေးများ မရရှိချိန်တွင် အစားထိုးအနေဖြင့်လည်းကောင်း သုံးစွဲကြခြင်းဖြစ်ကြောင်း၊ သုံးစွဲခဲ့သည့် နေရာများမှာလည်း လားရှိုးမြို့မှာဆိုရင် ကျောင်းအိမ်သာ၊ သာသနာ ၂၅၀၀ ဘုရားတောင်ကုန်း၊ ရေကန်တောင်၊ နေအိမ်တို့ဖြစ်ကြောင်း၊ ပလတ်စတစ်အိတ် သို့မဟုတ် ကြွပ်ကြွပ်အိတ်အတွင်းမှာ ရေအနည်းငယ်ဖြင့် ကော်ကိုရောကာ ကျေအောင်ပွတ်ချေပြီး အနံ့ထွက်လာပါက ပလတ်စတစ်အိတ် သို့မဟုတ် ကြွပ်ကြွပ်အိတ်အား ဖောင်းအောင်ပြုလုပ်၍ အဝဘက်မှပိတ်ကာ အိတ်အတွင်းရှိ လေကုန်သွားသည်အထိ နှာခေါင်းဖြင့် အသက်ရှူကြောင်း တွေ့ရှိခဲ့ရပါတယ်။

အထက်ပါ လေ့လာဆန်းစစ်မှုများနှင့်အတူ ကော်ရှူသုံးစွဲသူများ၏ မိဘများနဲ့ ညှိနှိုင်းတိုင်ပင်ကာ လိုအပ်သည့် စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု၊ နှစ်သိမ့်ဆွေးနွေးပညာပေးမှုများ ဆောင်ရွက်ပေးခြင်း၊ လိုအပ်ပါက အရေးပေါ်ကျန်းမာရေးဆိုင်ရာပြုစုကုသမှုများ ဆောင်ရွက်ခြင်းနှင့် သားသမီးများ မူးယစ်ကင်းစင်လူငယ်

ဖြစ်အောင် မိဘများအနေဖြင့် ပြုစုစောင့်ရှောက်ရန် လိုအပ်သည်များကို ဆွေးနွေးခြင်းတို့အား ဆောင်ရွက်ခဲ့ပါတယ်။ လက်တွေ့သုတေသနတွေ့ရှိချက်များအရ သင်ခန်းစာပို့ချမှုပုံစံဖြင့် ကျောင်းသားလူငယ်များအား ပညာပေးဆောင်ရွက်ခြင်းသည် လူငယ်တို့၏အသစ်အဆန်းမြင်လျှင် စူးစမ်းလိုသည့်စိတ်အား နှိုးဆွသကဲ့သို့ ဖြစ်ပြီး ကော်ရှူသည့်ပြဿနာ ပိုမိုကြီးထွားနိုင်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ ကော်ရှူသုံးစွဲမှုသတင်းရတဲ့မြို့နယ်များမှာ ကျောင်းသားများ ကော်ရှူသုံးစွဲပါက ဆရာ/ဆရာမများက မိဘများအား ခေါ်ယူတွေ့ဆုံကာ ဆွေးနွေးညှိနှိုင်းခြင်း၊ ကျောင်းသားများအတွင်း ကင်းထောက်များထားရှိကာ စောင့်ကြပ်ကြည့်ရှုခြင်း၊ သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများက ကော်ရှူသူများအား ခေါ်ယူတွေ့ဆုံပညာပေးဆုံးမခြင်း၊ ကားပစ္စည်းအရောင်းဆိုင်နှင့် သင်္ဘောဆေးဆိုင်ပိုင်ရှင်များက ပါဝင်ပူးပေါင်းဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက ကော်ဘူးရောင်းချသောဆိုင်များကို ကလေးသူငယ်များအား ကော်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း စသည့် လုပ်ငန်းများကို ထိရောက်မှုရှိမည့် ကာကွယ်တားဆီးရေးလုပ်ငန်းများအဖြစ် ဌာနပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မူးယစ်ဆေးဝါးပူးတွဲသုံးစွဲခြင်းရှိပါကလည်း ဆေးကုသရေးအဖွဲ့အနေဖြင့် မူးယစ်ဆေးစွဲရောဂါကုသနိုင်ရေးအတွက် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

အဆိုပါမေးခွန်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှလည်း TV အမှတ်တံဆိပ်ကော်ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ မူးယစ်ဆေးဝါးဖြစ်သည်ဟုလည်းကောင်း၊ စိတ်ကိုပြောင်းလဲစေသောဆေးဝါးဖြစ်သည်ဟုလည်းကောင်း ယင်းဥပဒေပုဒ်မ ၂၆ (ဈ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ထားခြင်းမရှိသည်ကို တွေ့ရှိရပါသဖြင့် အဆိုပါ TV အမှတ်တံဆိပ်ကော်ကို ရှူသည့် လူငယ်အချို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူနိုင်မည်မဟုတ်သည်ကိုလည်း စိစစ်တွေ့ရှိရကြောင်း၊ သို့ရာတွင် ကော်ရှူ၍ဖြစ်ပေါ်လာသော အကျိုးဆက်အဖြစ် ပြစ်မှုတစ်ခုတစ်ရာကျူးလွန်ပါက ကျူးလွန်သူကို ပြစ်မှုဆိုင်ရာဥပဒေအရသော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပရိဘောဂလုပ်ငန်းများတွင် အသုံးပြုရန် ထုတ်လုပ်ထားသော TV အမှတ်တံဆိပ်ကော်ကို မူးယစ်စေတတ်သောအရာအဖြစ် လွဲမှားစွာရှူခြင်းကြောင့် သုံးစွဲသောလူငယ်များ၏ ကျန်းမာရေးနှင့်ဘဝကို ထိခိုက်စေနိုင်ပြီး လူငယ်များသည် အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းရွက်ကြမည့် မျိုးဆက်သစ်များဖြစ်ရာ လူငယ်များ၏ကျန်းမာရေးနှင့် ဘဝဆုံးရှုံးပျက်စီးခြင်းသည် နိုင်ငံအတွက် ကြီးမားသော နစ်နာဆုံးရှုံးမှုဖြစ်နိုင်ပါကြောင်း၊ ယင်းသို့ ကော်ရှူသည့်အလေ့အထလူငယ်ထုအတွင်း တစ်စတစ်စ ကျယ်ပြန့်လာပါက နိုင်ငံ၏အနာဂတ်ကို ခြိမ်းခြောက်မှုတစ်ရပ်အဖြစ် ရောက်ရှိနိုင်မည်ဖြစ်ရာ အလေးထားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသည့် TV အမှတ်တံဆိပ်ကော်ကို ရှူပါက ဖြစ်ပေါ်လာနိုင်သည့် ကိုယ်၊ စိတ်အခြေအနေ၊ အပြုအမူ၊ ကျန်းမာရေးထိခိုက်မှုနှင့် အကျိုးဆက်တို့ကို ပြည့်ပြည့်စုံစုံသိရှိနိုင်ရန် လိုအပ်သည့် စမ်းသပ်စစ်ဆေးမှုများပြုလုပ်၍ သက်ဆိုင်ရာဌာနများ ပူးပေါင်းညှိနှိုင်းပြီး လိုအပ်သလိုဆောင်ရွက်နိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်စဉ်းစားရမည့်ကိစ္စရပ်ဖြစ်သည်ဟု တင်ပြဖြေကြားထားပါတယ်။

သို့ဖြစ်ပါ၍ လူငယ်အချို့ ကော်ရှူသုံးစွဲမှုအား ပညာပေးဆုံးမခြင်း၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ မိဘပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ကာကွယ်တားဆီးရေးလုပ်ငန်းကို ဦးစားပေးဆောင်ရွက်သင့်ပါကြောင်းနှင့် ကော်ရှူသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ပညာရှင်များ၏အကြံပြုချက်နှင့် လိုအပ်သော အမိန့်ကြော်ငြာစာများကို အမြန်ဆုံးရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၂/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် ဒုတိယအထွေထွေမန်နေဂျာ (စီးပွားရေး) ဦးမင်းလွင် (လရ-၄၃၀၀) အား လုပ်ငန်းလိုအပ်ချက်အရ ပျံသန်းရေး ဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) တန်းဝင် လေယာဉ်မှူးရာထူး နေရာသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၁၃/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် )

ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ လစာနှုန်း (၂၀၀,၀၀၀-၂,၀၀၀-၂၁၀,၀၀၀) တန်းဝင် လေယာဉ်မှူး ဦးမင်းလွင် (လရ-၄၃၀၀) အား လစာနှုန်းထားတူ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (ရုံးအဖွဲ့မှူး) ရာထူးနေရာသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဉာဏ်ထွန်းအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက် )

**ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် ရှမ်းပြည်နယ် (တောင်ကြီး)၊ တောင်ကြီး ခရိုင်၊ တောင်ကြီးမြို့နယ်အတွင်းရှိ တောင်ကြီး (တောင်) ထင်းကြိုးဝိုင်းအတွင်း ကျရောက်နေသည့် ဧရိယာ

အကျယ်အဝန်း (၃၈) ဧကရှိ မြေကို (၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်) နေ့မှစ၍ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးဝိုင်းတောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးဝိုင်းတောအမည် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ(ဧက) |
|---|---|---|---|---|---|
| (က) | တောင်ကြီး (တောင်) ထင်းကြိုးဝိုင်း (တစ်စိတ်တစ်ဒေသ) | ရှမ်းပြည်နယ် | တောင်ကြီး | တောင်ကြီး | ၃၈ |
| | **စုစုပေါင်း** | | | | **၃၈** |

၂။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက် ။ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (M-၆၆၀၁၄၂) မှ အစပြု၍ အရှေ့မြောက်ဘက်သို့ ကြိုးဝိုင်းနယ်နိမိတ်အတိုင်း (၂၀၀၀) ပေခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ခ" ခန့်မှန်းမြေပုံညွှန်း (M-၆၆၄၁၄၃) အထိ၊

အရှေ့ဘက် ။ ထိုမှ အရှေ့တောင်ဘက်သို့ ကြိုင်းဝိုင်းနယ်နိမိတ်အတိုင်း (၆၈၀) ပေခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဂ" ခန့်မှန်းမြေပုံညွှန်း (M-၆၆၅၁၄၂) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ (၂၂၀၀) ပေခန့်လာရာ ယာယီဘုတ်တိုင်အမှတ် "ဃ" ခန့်မှန်းမြေပုံညွှန်း (M-၆၆၁၁၄၀) အထိ၊

အနောက်ဘက် ။ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ ပေ (၁၀၀၀) ခန့်လာရာ မူလစတင်သည့်နေရာ ယာယီဘုတ်တိုင်အမှတ် "က" ခန့်မှန်းမြေပုံညွှန်း (M-၆၆၀၁၄၂) အထိ။

၃။ **ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

ရှမ်းပြည်နယ် (တောင်ကြီး)၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်အတွင်းရှိ တောင်ကြီး (တောင်) ထင်းကြိုးဝိုင်းမှ ဧရိယာ (၃၈) ဧကကို ဓာတ်အားခွဲစက်ရုံ တည်ဆောက်ရန်အတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၃)

### ကြိုးဝိုင်းတောနယ်နိမိတ်များ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၁၃) အရ ကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးဝိုင်းတော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်အတွင်း ကျရောက်နေသည့် တောင်ကြီး (တောင်) ထင်းကြိုးဝိုင်းကို သစ်တောဦးစီးဌာန၏ ၁၉၀၆ ခုနှစ်၊ ဩဂုတ်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈/၁၉၀၆) အရ ဧရိယာအကျယ်အဝန်း (၃၉၀၉) ဧကဖြင့် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ တောင်ကြီး (တောင်) ထင်းကြိုးဝိုင်းအတွင်းမှ ဧရိယာ (၅၃၀) ဧကအား ချန်လှပ်ကွက်အဖြစ်ထားရှိ၍ တောင်ကြီးတက္ကသိုလ်

မြေအဖြစ် ပယ်ဖျက်ပေးခဲ့ပြီး ကျန်ရှိဧရိယာအကျယ်အဝန်း (၃၃၇၉) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။ ယခု ဧရိယာ (၃၈) ဧကကို ဓာတ်အားခွဲရုံမြေနေရာအတွက် ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးလိုက်သဖြင့် တောင်ကြီး (တောင်) ထင်းကြိုးဝိုင်းအား ကျန်ရှိသည့် ဧရိယာအကျယ်အဝန်း (၃၃၄၁) ဧကဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

၂။ **ပြင်ဆင်သတ်မှတ်လိုက်သည့် နယ်နိမိတ်များ**

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (M-၆၆၀၁၄၁) မှ အရှေ့ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၉၉၁၄၀) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၈၄၁၄၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၇၀၂၁၃၃) အထိ၊

အရှေ့ဘက် ။ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၇၀၂၁၂၁) အထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၉၁၀၉၉) အထိ၊

တောင်ဘက် ။ ထိုမှ ဆက်လက်၍ အနောက်တောင်ယွန်းယွန်းသို့ (၁) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၇၈၀၉၀) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၇၅၁၀၀) အထိ၊ ထိုမှဆက်၍ အနောက်မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၆၅၁၀၈) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၆၀၁၀၂) အထိ၊ ထိုမှ အနောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ လွိုင်ကောင်းနှင့် တောင်ကြီးကားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (M-၆၅၇၁၀၂) အထိ၊

အနောက်ဘက် ။ ထိုမှ မြောက်ဘက်သို့ လွိုင်ကောင်း-တောင်ကြီးကားလမ်းနှင့်ယှဉ်တွဲလျက် (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (M-၆၅၃၁၁၉) အထိ၊ ထိုမှဆက်၍ အရှေ့မြောက်ဘက်သို့ (၂) မိုင် (၆) ဖာလုံခန့်လာရာ မူလစတင်ခဲ့သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (M-၆၆၀၁၄၁) အထိ။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃)

## ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ-၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကို သုံးစွဲလျက် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ကြိုးပြင်ကာကွယ်တောအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄. ၉၄) ဧကရှိ မြေကို (၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်) နေ့မှစ၍ ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်လိုက်သည်။

၁။ **ကြိုးပြင်ကာကွယ်တောအဖြစ်မှ ပယ်ဖျက်လိုက်သည့်မြေ၏အကြောင်းအရာဖော်ပြချက်**

| စဉ် | ကြိုးပြင်ကာကွယ်တောအမည် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် | မြို့နယ် | ဧရိယာ(ဧက) |
|---|---|---|---|---|---|
| (က) | မောင်းမကန်ကြိုးပြင်ကာကွယ်တော (တစ်စိတ်တစ်ဒေသ) | တနင်္သာရီ | ထားဝယ် | လောင်းလုံး | ၁၄. ၉၄ |
| | **စုစုပေါင်း** | | | | **၁၄. ၉၄** |

၂။ **နယ်နိမိတ်များ**

မြောက်ဘက် ။ ယာယီဘုတ်တိုင်အမှတ် - A၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၆၈၉) မှ အရှေ့ဘက်သို့ (၅) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - B၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၉၀) အထိ၊

အရှေ့ဘက် ။ ၎င်းမှ တောင်ဘက်သို့ (၂၇) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - C၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၈၆၈၄) အထိ၊

တောင်ဘက် ။ ၎င်းမှ အနောက်ဘက်သို့ (၃) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - D၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၈၄) အထိ၊

အနောက်ဘက် ။ ၎င်းမှ မြောက်ဘက်သို့ (၁၀) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - E၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၈၆) အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၁၃) သံကြိုးခန့်အကွာ မူလစတင်ခဲ့သည့် ယာယီဘုတ်တိုင်အမှတ် A အထိ။

၃။ **ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရသည့်အကြောင်းအရာ**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ မောင်းမကန်ကြိုးပြင်ကာကွယ်တောမှ ဧရိယာ (၁၄. ၉၄) ဧကအား ချန်လှပ်ကွက်အဖြစ်ထားရှိ၍ ထားဝယ်အထူးစီးပွားရေးဇုန်၊ လောင်းလုံးမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာမြေအဖြစ် ပြောင်းလဲအသုံးချနိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရခြင်းဖြစ်ပါသည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၃)

## ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၃) အရ ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်လိုက်သဖြင့် ကျန်ရှိသည့် ကြိုးပြင်ကာကွယ်တော၏ နယ်နိမိတ်အလားအလာများအား အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည် -

၁။ မောင်းမကန်ကြိုးပြင်ကာကွယ်တောကို သစ်တောရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၀၁) အရ ဧရိယာအကျယ်အဝန်း (၁၀၀၄၁) ဧကဖြင့် စတင်သတ်မှတ် ကြေညာခဲ့ပါသည်။ အဆိုပါ ကြိုးပြင်ကာကွယ်တောအတွင်းမှ (၄၇၂. ၆၅) ဧကအား ပယ်ဖျက်ပေးခဲ့ပြီး ယခု ဧရိယာ (၁၄. ၉၄) ဧကအား ချန်လှပ်ကွက်အဖြစ် ထားရှိ၍ ထားဝယ်အထူးစီးပွားရေးဇုန်၊

လောင်းလုံးမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာမြေအဖြစ် ပြောင်းလဲအသုံးချနိုင်ရန်အတွက် ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက် ပေးလိုက်သဖြင့် မောင်းမကန်ကြိုးပြင်ကာကွယ်တောကို ကျန်ရှိသည့် ဧရိယာအကျယ်အဝန်း (၉၅၅၃) ဧကဖြင့် ပြင်ဆင်သတ်မှတ်လိုက်သည်။

## ၂။ ပြင်ဆင်သတ်မှတ်လိုက်သည့် နယ်နိမိတ်များ

မြောက်ဘက် ။ နဘူးလဲချောင်း (NABULE CHAUNG) အတွင်းသို့ အရှေ့ဘက်မှ စီးဝင်လာသည့် ချောင်းကမ်းပါးပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (O-၀၄၂၇၃၂) မှ အစပြု၍ အရှေ့တောင်ယွန်းယွန်းသို့ (၇၄၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၉၇၃၀) ထိ၊ ထိုမှ မြောက်ဘက်ယွန်းယွန်းသို့ (၁၃၅၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၈၇၃၄) ထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၁၉၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၉၇၄၃) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂၉၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၅၂၇၄၂) ထိ၊ ထိုမှ အရှေ့ယွန်းယွန်းသို့ (၃၈၉) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၅၆၇၄၂) ထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ (၁၃၅၉) ကိုက်ခန့်လာရာ လောင်းလုံးမြို့နယ်နှင့်ရေဖြူမြို့နယ် နယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (O-၀၆၈၇၄၃) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မြို့နယ်နယ်နိမိတ်အတိုင်း (၈၀၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၆၇၄၅) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၀၁၉) ကိုက်ခန့်လာရာ ခန့်မှန်း မြေပုံညွှန်း (O-၀၆၈၇၄၃) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၁၅၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၅၇၃၁) ထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၄၁၀) ကိုက်ခန့်လာရာ မူလကြိုးပြင်ကာကွယ်တော နယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (O-၀၇၈၇၃၀) ထိ၊

အရှေ့ဘက် ။ ထိုမှ အနောက်တောင်ဘက်သို့ (၅၈၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၇၇၂၅) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄၆၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၉၇၂၁) ထိ၊ ထိုမှ တောင်ဘက်သို့ (၆၉၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၉၇၁၄) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂၉၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၈၇၁၁) ထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ (၆၉၄) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၈၇၀၄) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁၀၆၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၉၆၉၄) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁၄၄၀) ကိုက်ခန့်လာရာ အမြင့်ပေ (၉၈၅) ရှိ တောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (O-၀၇၃၆၈၂) ထိ၊ ထိုမှ တောင်ဘက်သို့ (၄၉၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၃၆၇၇) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၆၈၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၇၆၇၁) ထိ၊ ထိုမှ အရှေ့တောင်ယွန်းယွန်းသို့ (၅၈၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၇၆၆၅) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁၅၅၇) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၄၆၅၀) ထိ၊ ထိုမှ တောင်ဘက်ယွန်းယွန်းသို့ (၆၅၉) ကိုက်ခန့်လာရာ မောင်းမကန်-ကမျောဂင်သွား မော်တော်ကားလမ်းအနီး ခန့်မှန်းမြေပုံညွှန်း (O-၀၇၄၄၆၃) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄၉၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၅၆၃၉) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၁၂၄၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၇၀၆၂၈) ထိ၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့ (၂၄၂) ကိုက်ခန့်လာရာ အမြင့်ပေ (၁၅၅၉) ရှိ တောင်ကုန်းထိပ် ခန့်မှန်းမြေပုံညွှန်း (O-၀၇၀၆၂၁) အထိ၊

တောင်ဘက် ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့လည်းကောင်း၊ ထိုမှ အနောက်တောင်ယွန်းယွန်းသို့လည်းကောင်း (၂၈၅၁) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၂၆၂၀) အထိ၊

အနောက်ဘက် ။ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ သဲသောင်ခုံစပ်အတိုင်း (၁၄၂၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၁၆၃၅) ထိ၊ ၎င်းမှ အရှေ့စူးစူးသို့ ကိုက် (၁၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၂၆၃၅) ထိ၊ ထိုမှ မြောက်စူးစူးသို့ ကိုက် (၁၀၀) ခန့်လာရာ

ခန့်မှန်းမြေပုံညွှန်း (O-၀၄၂၆၃၆) ထိ၊ ထိုမှ မြောက်စူးစူးသို့ ကိုက် (၁၀၀) ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၁၆၃၆) ထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ သဲသောင်ခုံစပ်အတိုင်း (၂၂၁၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၆၆၅) အထိ၊ ၎င်းမှ အရှေ့မြောက်ယွန်းယွန်းသို့ (၇၅၅) ကိုက်ခန့်လာရာ မောင်းမကန်ကြိုးဝိုင်းနယ်နိမိတ်ပေါ်ရှိ ခန့်မှန်းမြေပုံညွှန်း (O-၀၃၇၆၆၃) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့လည်းကောင်း၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့လည်းကောင်း (၁၁၈၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၅၆၇၄) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၃၅၆) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၈၆၇၆) အထိ၊ ထိုမှ အနောက်မြောက်ယွန်းယွန်းသို့ (၇၄၈) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၆၆၈၃) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၇၈၅) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၈၆၉၀) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂၀၄၃) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၀၇၀၉) အထိ၊ ထိုမှ အရှေ့မြောက်ယွန်းယွန်းသို့ နဘူးလဲချောင်းအတိုင်း (၂၁၄၂) ကိုက်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (O-၀၃၈၇၂၈) ထိ၊ ထိုမှ နဘူးလဲချောင်းအတွင်းသို့ အရှေ့ဘက်မှ စီးဝင်လာသော ချောင်းလက်တက်အတိုင်း အရှေ့မြောက်ဘက်သို့ (၅၀၄) ကိုက်ခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (O-၀၄၂၇၃၂) အထိ။

## ချန်လှပ်ကွက်နယ်နိမိတ်များ

### ၁။ CDMA-450 မိုဘိုင်းရေဒီယိုစခန်း တည်ဆောက်ရန်အတွက် ဧရိယာ (၀. ၁၅) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ခန့်မှန်းမြေပုံညွှန်း (O-၀၅၆၆၅၆) မှ အစပြု၍ အရှေ့ဘက်သို့ ပေ (၈၀) အကွာထိ၊

အရှေ့ဘက် ။ ၎င်းမှ တောင်ဘက်သို့ ပေ (၈၀) အကွာထိ၊

တောင်ဘက် ။ ၎င်းမှ အနောက်ဘက်သို့ ပေ (၈၀) အကွာထိ၊

အနောက်ဘက် ။ ၎င်းမှ မြောက်ဘက်သို့ ပေ (၈၀) အကွာရှိ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (O-၀၅၆၆၅၆) အထိ။

### ၂။ ညောင်ပင်ဆိပ်ကျေးရွာ ပြန်လည်နေရာချထားမည့် မြေဧရိယာ (၁၄. ၉၄) ဧက၏ နယ်နိမိတ်အလားအလာ

မြောက်ဘက် ။ ယာယီဘုတ်တိုင်အမှတ် - A၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၆၆၈၉) မှ အရှေ့ဘက်သို့ (၅) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - B၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၉၀) အထိ၊

အရှေ့ဘက် ။ ၎င်းမှ တောင်ဘက်သို့ (၂၇) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - C၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၈၆၈၄) အထိ၊

တောင်ဘက် ။ ၎င်းမှ အနောက်ဘက်သို့ (၃) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - D၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၈၄) အထိ၊

အနောက်ဘက် ။ ၎င်းမှ မြောက်ဘက်သို့ (၁၀) သံကြိုးခန့်အကွာ ယာယီဘုတ်တိုင်အမှတ် - E၊ ခန့်မှန်းမြေပုံညွှန်း (O-၀၄၇၆၈၆) အထိ၊ ၎င်းမှ မြောက်ဘက်သို့ (၁၃) သံကြိုးခန့်အကွာ မူလစတင်ခဲ့သည့် ယာယီဘုတ်တိုင်အမှတ် A အထိ။

(ပုံ) ဝင်းထွန်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။

# ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
# ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၇။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃ ရက် )

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁
## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂
## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည်

ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့် စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## အခန်း (၁)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ရငွေနှင့်သုံးငွေများ

၆။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကိုပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ် အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်း လုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့် ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ယင်းသို့ ပြောင်းလဲပေးနိုင်ရေးအတွက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

ဇယား (ဂ)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | | | ရငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အမြဲ သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၈၁၁. ၇၈၃ | | | ၁၀၀၀. ၀၀၀ | | | |
| ၂ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၆. ၈၈၇ | | | | | | |
| ၃ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၆၆၀ | | | | | | |
| ၄ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၅. ၉၈၉ | | | | | | |
| | ပေါင်း | | | | ၁၈၄၅. ၃၁၉ | | | ၁၀၀၀. ၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်**

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈၃၉. ၁၈၇ | | ၂၅၆၀. ၇၈၃ | ၉၉၇. ၄၅၃ | | | |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၃၈၄. ၅၉၂ | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၈၀၃. ၄၀၂ | | | ၂၅၂. ၆၂၃ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၄၆၀. ၉၆၈ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၁၁၈. ၄၁၈ | | | ၄၄. ၉၁၉ | | | |
| | ပေါင်း | | ၃၆၀၆. ၅၇၇ | | ၂၅၆၀. ၇၈၃ | ၁၂၉၄. ၉၉၅ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရှင်းနိုင်ငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက် | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၄၁၅. ၆၈၁ | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက် | ၎င်း | | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁၁၃၉. ၅၀၇ | | | | | | | | |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၂၈. ၁၈၀ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန် | | ၁၅၇. ၀၁၈ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်လုပ်သည့်အတွက် ကောက်ခံသည့်အခွန် | | ၁၁. ၇၉၈ | | | | | | | | |
| | ၅ | အင်းတိုင်ခွန် | | ၆. ၅၅၀ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၎င်း | | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၈၂၅. ၃၅၇ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၅၁. ၀၁၃ | | | | | | | | |
| ၄ | | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | ၎င်း | | ၅၈၆. ၅၉၉ | | | | | | | |

## ပြည်နယ်အဆင့်ဦးစီးဌာနများ စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆုံး
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ချေးငွေ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးငွေ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | ပြည်သူ့ရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၁၉. ၃၁၁ | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၁၉. ၅၉၆ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၁၁၅ | | | | | | |
| ၆ | | သမဝါယမ | ၎င်း | | | ၂. ၀၀၉ | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၃၁၉ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၆၉၀ | | | | | | |
| ၇ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | | | | ၄၀. ၈၆၅ | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၂. ၁၄၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၇. ၀၀၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃၁. ၇၂၅ | | | | | | |
| ၈ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | | | ၁၀. ၁၇၀ | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၁. ၇၂၀ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၈. ၁၁၀ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၀. ၂၄၀ | | | | | | |
| ၉ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၁၈. ၈၈၆ | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၈. ၈၈၆ | | | | | | |
| ၁၀ | | အားကစား | ၎င်း | | | ၀. ၀၀၂ | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၀. ၀၀၂ | | | | | | |
| ၁၁ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | | | ၀. ၂၇၈ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | ၀. ၂၇၈ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |
| ၁၂ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၀. ၀၇၅ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၇၅ | | | | | | |
| ၁၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၂၆. ၁၉၃ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၁. ၄၆၄ | | | | | | |
| | ၂ | အဆောက်အအုံနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၂၄. ၇၂၉ | | | | | | |
| ၁၄ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | | | ၁၀၅၅၅. ၈၀၆ | | | | | | |
| | | ပေါင်း | | ၂၈၃၅. ၁၀၄ | ၅၈၆. ၅၉၉ | ၁၀၆၇၃. ၈၉၅ | | | ၈၆၈၂၂. ၁၆၄ | | ၄၄၃၉. ၈၈၃ | |

## ပြည်နယ်အဆင့်ဦးစီးဌာနများ စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြည်ထဲရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၉၃၂၀.၉၅၀ | | ၁၅.၀၀၀ | ၂၁၉၄.၃၅၅ | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၉၁၅၇.၀၃၁ | | ၁၅.၀၀၀ | ၂၁၉၁.၈၄၇ | | | |
| | ၂ | အကျဉ်းဦးစီးဌာနအကျဉ်းထောင်ဆေးရုံ/ဆေးခန်း | | ၁၆၃.၉၁၉ | | | ၂.၅၀၈ | | | |
| ၂ | | သမဝါယမ | ၎င်း | ၆၂၆.၅၉၆ | | | ၃၇.၃၆၀ | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၆၀၂.၇၆၉ | | | ၃၅.၀၀၀ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၃.၈၂၇ | | | ၂.၃၆၀ | | | |
| ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | | ၂၉၅၃.၄၂၂ | | | ၁၅၀.၉၂၀ | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၁၃၂.၆၅၄ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၂၄၀၈.၅၆၈ | | | ၁.၄၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန | | ၄၁၆.၂၀၀ | | | ၁၄၉.၅၂၀ | | | |
| ၄ | | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၄၆၂.၀၂၀ | | | ၇၄.၆၀၀ | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၉.၄၂၆ | | | ၅၈.၆၀၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃၂၆.၄၃၀ | | | ၁၆.၀၀၀ | | | |
| | ၃ | များလုပ်ငန်းဦးစီးဌာန | | ၆၆.၁၆၄ | | | | | | |
| ၅ | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | ၁၄၂၉.၁၇၁ | | | ၅၇.၄၇၇ | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၄၂၉.၁၇၁ | | | ၅၇.၄၇၇ | | | |
| ၆ | | အားကစား | ၎င်း | ၂၆၃.၃၀၃ | | | ၂၇၁.၈၈၀ | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၂၆၃.၃၀၃ | | | ၂၇၁.၈၈၀ | | | |
| ၇ | | ဘဏ္ဍာရေးနှင့်အခွန် | ၎င်း | ၁၈၆.၄၅၀ | | | ၄၉.၇၇၇ | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၈၆.၄၅၀ | | | ၄၉.၇၇၇ | | | |
| ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၇၀၄.၈၄၀ | | | ၂၈၅.၂၈၅ | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၇၀၄.၈၄၀ | | | ၂၈၅.၂၈၅ | | | |
| ၉ | | ဆောက်လုပ်ရေး | ၎င်း | ၃၀၈၂၄.၈၈၅ | | | ၃၃၃၄၂.၉၂၅ | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၁၉၁.၁၃၀ | | | ၁၀၇၀.၁၀၀ | | | |
| | ၂ | အဆောက်အအုံနှင့် လမ်းတံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၃၀၆၃၃.၇၅၅ | | | ၃၃၃၇၂.၈၂၅ | | | |
| ၁၀ | | အလုပ်သမား | ၎င်း | ၁၂.၃၃၄ | | | | | | |
| | ၁ | ဝဟိုပြည်တွင်းကျန်းမာရေးစီမံကိန်း | | ၁၂.၃၃၄ | | | | | | |
| ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၄၉၀၆.၄၀၂ | | | ၆၅၀၆.၀၉၈ | | | |
| | | ပေါင်း | | ၅၁၆၉၄.၇၃၃ | | ၁၅.၀၀၀ | ၄၄၃၇၀.၆၇၇ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ<br>အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ<br>ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ<br>ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရန်းနီးငွေမှရငွေ |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | ၄၄. ၃၉၅ | | | | | | |
| | ၁ | မြန်မာ့ချပ်ရှင်လုပ်ငန်း | | | | ၄၄. ၃၉၅ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | | | ၂. ၇၅၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒ ပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | | | ၂. ၇၅၀ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | | | ၆၃၉၅၅. ၂၉၆ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၆၃၉၅၅. ၂၉၆ | | | | | | |
| | | ပေါင်း | | | | ၆၄၀၀၂. ၄၄၁ | | | | | | |

ဇယား (၆)
(ကျပ်သိန်းပေါင်း)

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | မြန်ကြားရေး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၃၉. ၃၄၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၃၉. ၃၄၀ | | | | | | |
| ၂ | | သတ္တုတွင်း | ၎င်း | ၁၆. ၈၁၆ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓာတုဗေဒပစ္စည်း ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | | ၁၆. ၈၁၆ | | | | | | |
| ၃ | | ဆောက်လုပ်ရေး | ၎င်း | ၆၂၅၀၁. ၁၆၉ | | | ၆၁၀၄. ၆၇၅ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၆၂၅၀၁. ၁၆၉ | | | ၆၁၀၄. ၆၇၅ | | | |
| | | ပေါင်း | | ၆၂၅၅၇. ၃၂၅ | | | ၆၁၀၄. ၆၇၅ | | | |

# ၂၀၁၃-၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၈။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် )

### အခန်း (၁)

### အမည်၊ အကျိုးသက်ရောက်သည့်ကာလနှင့်အဓိပ္ပာယ်ဖော်ပြချက်

**ပုဒ်မ-၂** ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ်၊ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

**ပုဒ်မ-၃** ဤဥပဒေသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အကျိုးသက်ရောက်စေရမည်။

**ပုဒ်မ-၄** ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(၁) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သောလုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(၂) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(၃) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရမည့် အချက်အလက်များကို ဆိုသည်။

(၄) **လုပ်ငန်းစဉ်**ဆိုသည်မှာ ရည်မှန်းချက်များပြည့်မီရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချက်အလက်များကို ဆိုသည်။

(၅) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့် ခုနှစ်ကို ဆိုသည်။

(၆) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(၇) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(၈) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(၉) **ကဏ္ဍကြီး**ဆိုသည်မှာ ရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခုကို လုပ်ငန်းသဘောသဘာဝ တူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းဖြစ်သည်။ ယင်းတွင် လယ်ယာကဏ္ဍကြီးဖြစ်သော (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကို ဆိုသည်။

## အခန်း (၂)
## ဦးတည်ချက်

**ပုဒ်မ-၅** ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(၂) စိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသည့် တန်ဖိုးရရှိအောင် ဆောင်ရွက်ပေးပြီး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီး၊ ကုန်ကြမ်းများကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ရေး၊

(၃) ပြည်နယ်အတွင်း ကျေးလက်၊ မြို့ပြများအကြား အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်စေရေး၊

(၄) ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊

(၅) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှုရရှိရေးအတွက် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၆) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထား ဆောင်ရွက်ရေး၊

(၇) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး။

## အခန်း (၃)
## စီမံကိန်းလျာထားချက်

**ပုဒ်မ-၆** ရှမ်းပြည်နယ်အစိုးရမှ ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါသည် -

(၁) ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ရည်မှန်းချက်မှာ အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးကို ကျပ်သန်းပေါင်း (၃၅၂၃၄၀၄. ၄) (ကျပ်ဘီလီယံ ၃၅၂၃. ၄) ရရှိအောင် ဆောင်ရွက်ရမည်။

(၂) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်ဈေးနှုန်းအရ (၆. ၁) ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် (၁. ၁) ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရမည်။

(၃) ရှမ်းပြည်နယ်၏ စီးပွားရေးဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၇. ၇) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၂၅. ၄) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို (၃၆. ၉) ရာခိုင်နှုန်းအသီးသီး ပြောင်းလဲဖြစ်ပေါ်စေရမည်။

(၄) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၀. ၆) ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၁၀. ၀) ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို (၉. ၄) ရာခိုင်နှုန်း အသီးသီး တိုးတက်စေရမည်။

## အခန်း (၄)
## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်

**ပုဒ်မ-၇** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သီးနှံမျိုးကောင်းမျိုးသန့် မျိုးစေ့များ ထုတ်လုပ်ရန်၊

(၂) လေ့ကျင့်ပညာပေးရန်။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လယ်ယာကဏ္ဍတွင် ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၁၀၇၇၆၀၇. ၉) (ကျပ်ဘီလီယံ ၁၀၇၇. ၆) နှင့် တိုးတက်မှုနှုန်း (-) (၀. ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်၊

(၂) လယ်ယာကဏ္ဍဆိုင်ရာ ကိန်းဂဏန်းများ မှန်ကန်ရေး ဆောင်ရွက်ရန်၊

(၃) စပ်မျိုးစပါး၊ စပ်မျိုးနေကြာမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးဆောင်ရွက်သွားရန်၊

(၄) ကျန်အဓိက စိုက်ပျိုးသီးနှံများတွင်လည်း အထွက်ကောင်းမျိုးများ ပြောင်းလဲစိုက်ပျိုးသွားရန်၊

(၅) စံပြစက်မှုလယ်ကွက် (Mechanized Farm) များကို ဆက်လက်တိုးချဲ့ဖော်ထုတ်သွားရန်၊

(၆) ဆည်မြောင်းတာတမံများမှ အကျိုးပြုဧရိယာဧကများ ပိုမိုလာစေရေး ဆောင်ရွက်သွားရန်၊

(၇) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်၊

(၈) တောင်သူလယ်သမားများအတွက် စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးပေးသွားရန်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေကြီး၊ မြေပုံနှင့်မြေစာရင်းမှန်ကန်ရေး၊ မြေတိုင်းတာ၍ မြေပုံများ ထုတ်လုပ်အသုံးပြုနိုင်ရေးနှင့် တောင်သူတစ်ဦးချင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည့် လုပ်ကွက်ဧရိယာများ စာရင်းကောက်ယူရေး၊ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်မည်၊

(၂) စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်ခြင်းကို တိုးတက်ဆောင်ရွက်သွားပါမည်၊ စပ်မျိုးစပါးမျိုးစေ့ ထုတ်လုပ်သွားနိုင်ရေးအတွက် ဆန်းစပါး အထူးပြု ကုမ္ပဏီများကို လုပ်ငန်းရှင်များ၏ အင်အားကိုရယူ၍ ဝန်ကြီးဌာန၏ လေ့ကျင့်မွေးမြူထားသည့် ပညာရှင်များ၏ ပံ့ပိုးမှုနှင့် ကူညီဆောင်ရွက်မည်၊

(၃) မြေအောက်ရေရရှိရေးလုပ်ငန်းဖြင့် အကျိုးပြုဧကများ ပိုမိုလာစေရေးဆောင်ရွက်မည်၊

(၄) နည်းလမ်းအမျိုးမျိုးဖြင့်လည်းကောင်း၊ သီးနှံအလိုက်လည်းကောင်း ရေသွင်းစိုက်ပျိုးမည့် ဧရိယာဧကများ ပြည့်မီစေရန် ဆောင်ရွက်မည်၊

(၅) စိုက်ပျိုးစရိတ်ငွေကြေးများ ထုတ်ချေးမည်၊

(၆) သုတေသနလုပ်ငန်းများ၊ စိုက်ပျိုးပညာပေးလုပ်ငန်းများ၊ လေ့ကျင့်သင်ကြားခြင်းများ ဆက်လက်ဆောင်ရွက်မည်။

**ပုဒ်မ-၈** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သားငါးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း သားငါးထုတ်လုပ်မှုဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုအထောက်အကူပြု မွေးမြူရေးတိုးတက်စေရန် ဆောင်ရွက်ရေး၊

(၂) သဘာဝ မြစ်ချောင်းအင်းအိုင်များတွင် ငါးသယံဇာတများ မပြုန်းတီးစေဘဲ ငါးပုစွန်တိုးတက်ထုတ်လုပ်နိုင်ရန်နှင့် နိုင်ငံခြားငွေ တိုးတက်ရရှိစေရေးအတွက် ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရန် ကြိုးပမ်း ဆောင်ရွက်ရေး၊

(၃) သားငါးကဏ္ဍ ဆောင်ရွက်အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင် မပျက်ယွင်းစေဘဲ စဉ်ဆက်မပြတ် ရေရှည်ထုတ်လုပ် စားသုံးနိုင်ရန် ဆောင်ရွက်စေရေးနှင့် ဖမ်းဆီးထုတ်လုပ်ခြင်းထက် မွေးမြူထုတ်လုပ်ခြင်းကို ဦးစားပေးဆောင်ရွက်သွားစေရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ သားငါးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၂၉၄၀၀. ၉) (ကျပ်ဘီလီယံ ၂၂၉. ၄) နှင့် တိုးတက်မှုနှုန်း (၇. ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စီးပွားဖြစ် မွေးမြူထုတ်လုပ်ရေး လုပ်ငန်းကြီးများ ထူထောင်နိုင်ရေးအတွက် ပြည်တွင်းပြည်ပမှ အရင်းအနှီးနှင့် နည်းပညာများရယူခြင်း၊ မွေးမြူရေး ချေးငွေရရှိနိုင်ရေးတို့အတွက် ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၂) ပြည်ပဈေးကွက် ပိုမိုရရှိရေး၊ သွင်းကုန်အစားထိုးနိုင်ရေးအတွက် တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ၏ ထုတ်လုပ်မှုစရိတ်လျှော့ချနိုင်ရေးအတွက် အရည်အသွေး ပြည့်မီရေးဖြည့်ဆည်းဆောင်ရွက်သွားမည်။

(၃) မွေးမြူရေးဆိုင်ရာ အခြေခံကိန်းဂဏန်းအချက်အလက်များ မှန်ကန်ပြည့်စုံစွာ ရရှိရေးဆောင်ရွက်သွားမည်။

(၄) တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများကို ဈေးကွက်တွင် ဈေးကွက်ဝေစု ပိုမိုရရှိရေးအတွက် ထိုးဖောက်ဆောင်ရွက်သွားမည်။

**ပုဒ်မ-၉** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သစ်တောကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ရေ၊ မြေ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရေး၊ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်းနှင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်းဖြင့် ရာသီဥတုမျှတစေပြီး စိုက်ပျိုးရေးကို အထောက်အကူပြုစေရေး၊ ကျေးလက်နေ ပြည်သူတို့၏ အခြေခံသစ်တောထွက်ပစ္စည်း လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောများအုပ်ချုပ်လုပ်ကိုင်မှုတို့တွင် ပြည်သူအများပူးပေါင်းပါဝင်ဆောင်ရွက်လာစေရေး၊

(၂) သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူရာတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထုတ်ယူသုံးစွဲနိုင်ရေး၊

(၃) သစ်တောသယံဇာတများ ထုတ်ယူသုံးစွဲရာတွင် အလေအလွင့်နည်းပါးပြီး သစ်အခြေခံ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းပေါ်ပေါက်လာစေရေး၊

(၄) သစ်တောကဏ္ဍ စွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ကြိုးပမ်းဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ သစ်တောကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၂၅၁၂.၀) (ကျပ်ဘီလီယံ ၂၂.၅) နှင့် တိုးတက်မှုနှုန်း (-) (၇.၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်းဖြင့် တစ်ဖက်မှလည်း ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများရရှိရေး အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) သဘာဝတောများ ထိန်းသိမ်းကာကွယ်သွားမည်ဖြစ်သည်၊

(၂) ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောများ၊ သဘာဝနယ်မြေများ တိုးချဲ့ဖွဲ့စည်းသတ်မှတ် သွားမည် ဖြစ်သည်၊

(၃) ရေဝေရေလဲဒေသများ ထိန်းသိမ်းရန်နှင့် ဆည်မြောင်းတာတမံများ ရေရှည်တည်တံ့ စေရေးအတွက် ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်သည်၊

(၄) သဘာဝတောမှ သစ်ထုတ်လုပ်မှုအား ဖြည့်စွက်ပေးနိုင်ရေးအတွက် စီးပွားရေးစိုက်ခင်းများ တည်ထောင်သွားမည်ဖြစ်ပါသည်၊

(၅) သဘာဝတောများမှ ထင်းထုတ်ယူသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် ထင်းအစား အခြား လောင်စာသုံးစွဲရေးကို ဦးတည်လျက် စွမ်းအားမြင့်မီးဖိုများ၊ လောင်စာတောင့်များ၊ စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများတိုးမြှင့် သုံးစွဲလာရေးကို စည်းရုံး ဆောင်ရွက်သွားရန် ဖြစ်သည်။

**ပုဒ်မ-၁၀** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စွမ်းအင်ကဏ္ဍ ရည်မှန်းထားခြင်း မရှိပါ။

**ပုဒ်မ-၁၁** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် သတ္တုနှင့်တွင်းထွက်ပစ္စည်းများ ကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပုဂ္ဂလိကပိုင်ကဏ္ဍ မြင့်မားရေးနှင့် တိုင်းရင်းသားလုပ်ငန်းရှင် ဓာတ်သတ္တုထုတ်လုပ်သူများ ထွန်းကားတိုးပွားလာရေး အားပေးဆောင်ရွက်ရေး၊

(၂) ဓာတ်သတ္တု ထုတ်လုပ်မှုကြောင့် မြန်မာ့ရေမြေသဘာဝနှင့်ပတ်ဝန်းကျင် ထိခိုက်ယိုယွင်း ပျက်စီးမှု မရှိစေရေး အလေးထားဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၉၄၃၆၀.၉) (ကျပ်ဘီလီယံ ၉၄.၄) နှင့် တိုးတက်မှုနှုန်း (၄.၁) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်၊

(၂) ပတ်ဝန်းကျင်ထိခိုက်ယိုယွင်းမှုမရှိစေရန် ဟန်ချက်ညီ အလေးထားဆောင်ရွက်မည်၊

(၃) နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် သတ္တုကဏ္ဍတွင် နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံနှင့်သတ္တုတွင်းများကို ပုဂ္ဂလိကပိုင် အခန်းကဏ္ဍသို့ ကူးပြောင်း၍ အကျိုးတူ ပူးပေါင်း ဆောင်ရွက်ပါမည်။

(၂) ဈေးကွက်စီးပွားရေးစနစ်အရ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖက်စပ်သတ္တုတွင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပါမည်။

(၃) ခွင့်ပြုမိန့် ချမှတ်ပေးထားသော ပုဂ္ဂလိကလုပ်ငန်းရှင်များက နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများအားလုံး အပြည့်အဝရရှိရေး တွန်းအားပေး ဆောင်ရွက်ပါမည်။

**ပုဒ်မ-၁၂** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် စက်မှုလက်မှုနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စက်မှုကဏ္ဍတွင် ပတ်ဝန်းကျင်နှင့်သဟဇာတဖြစ်သောစက်မှုလုပ်ငန်း (Green Industry) များ ပိုမိုတိုးတက်လာရေး ဆောင်ရွက်ရန်နှင့် စွမ်းအင်ကို အကျိုးရှိစွာ အသုံးပြုခြင်း (Energy Efficiency) များ အကျိုးရှိ ထိရောက်စွာ သုံးစွဲသွားရေး တွန်းအားပေး ဆောင်ရွက်ရန်၊

(၂) စက်မှုလက်မှုကဏ္ဍ ပိုမိုတိုးတက်ဖွံ့ဖြိုးစေရေးအတွက် နည်းပညာ၊ အတတ်ပညာ၊ ရင်းနှီး မြှုပ်နှံမှုများကို ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်ရေး၊

(၃) ပို့ကုန်မြှင့်တင်သည့် ကုန်ထုတ်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သည့်နည်းတူ သွင်းကုန် အစားထိုး ကုန်ထုတ်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်ရေး၊

(၄) ပုဂ္ဂလိကစက်မှုလက်မှုကဏ္ဍ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စေရေး အတွက် ပံ့ပိုးဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ စက်မှုလက်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၄၇၀၅၅၃. ၈) (ကျပ်ဘီလီယံ ၄၇၀. ၆) နှင့် တိုးတက်မှုနှုန်း (၆. ၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) နိုင်ငံသားများအလုပ်အကိုင် အခွင့်အလမ်းများပေါ်ထွန်းလုပ်ကိုင်ခွင့်ရရှိစေရန်၊ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား အကောင်အထည်ဖော် ဆောင်ရွက်မည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဒေသအတွင်းရှိ သယံဇာတအရင်းအမြစ်များအပေါ် အခြေခံသည့် စက်မှုလုပ်ငန်းများ ထူထောင်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရမည်။

(၂) စက်မှုထုတ်ကုန်ပစ္စည်း တိုးတက်လာရေးအတွက် စံချိန်စံညွှန်းပြည့်မီလာအောင် နည်းလမ်းများ ချမှတ်ရမည်။

(၃) စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံတော်နှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်း ရှင်များ အဆက်အစပ်မိမိဖြင့် အပြန်အလှန်ညှိနှိုင်းဆောင်ရွက်ရမည်။

(၄) ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်အစားထိုးရေးဆိုင်ရာ စက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ရန်။

(၅) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မထိခိုက်စေသည့် စက်မှုလုပ်ငန်းများအဖြစ် ကြပ်မတ်စစ်ဆေးသွားရမည်။

**ပုဒ်မ-၁၃** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လျှပ်စစ်ဓာတ်အားကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပဉ္စမကာလတိုငါးနှစ်စီမံကိန်းကာလအတွင်း တိုးတက်ထုတ်လုပ်လာနိုင်မည့် လျှပ်စစ်ဓာတ်အားကို ပြည်နယ်တွင် သယ်ပို့ဖြန့်ဖြူးနိုင်ရန် နိုင်ငံတော်ဓာတ်အားစနစ်အတွင်း၌ မဟာဓာတ်အားလိုင်းများနှင့် လက်ခံပို့လွှတ်ပေးမည့် ပင်မဓာတ်အားခွဲရုံများ တိုးချဲ့တည်ဆောက်သွားရေး၊

(၂) ပင်မဓာတ်အားပေးစနစ်မှ အလှမ်းကွာဝေးသည့် ကျေးလက်ဒေသများတွင် ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုဖြင့် ဇီဝလောင်စာကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးဓာတ်အားပေးစက်များ တပ်ဆင်သုံးစွဲလာစေရေးနည်းပညာနှင့် မူဝါဒပိုင်းဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေး၊

(၃) ပင်မဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အား မရောက်ရှိသေးသော အရပ်ဒေသများတွင် အသေးစား ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ ဒီဇယ်ဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်၊ ဓာတ်အားပေးစက်များ၏ ကြံ့ခိုင်မှုကို ထိန်းသိမ်း၍ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်သွားရေး။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ လျှပ်စစ်ဓာတ်အားကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၁၀၉၄.၅) (ကျပ်ဘီလီယံ ၆၁.၁) နှင့် တိုးတက်မှုနှုန်း (၂.၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ဓာတ်အားစနစ်အတွင်း အရည်အသွေးကောင်းမွန်သော ဓာတ်အားလိုင်းကြိုးများနှင့် ကြွေသီးများ ဝယ်ယူသုံးစွဲခြင်းတို့ဖြင့် ဓာတ်အားလျော့နည်း ပျောက်ဆုံးမှုမရှိအောင် ဆက်လက် ဆောင်ရွက်သွားမည်။

(၂) ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိရေးကို ဆောင်ရွက်ရာတွင် အောက်ပါနည်းလမ်းမျိုးစုံကို ဒေသအလိုက်သင့်လျော်သလို ဆောင်ရွက်သွားရမည် -

(က) ဓာတ်အားစနစ်မှ ဓာတ်အားရယူခြင်း၊

(ခ) အသေးစားရေအားလျှပ်စစ်စက်များ အသုံးပြုခြင်း၊

(ဂ) နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြားများ အသုံးပြုခြင်း၊

(ဃ) လေစွမ်းအင်သုံး လေရဟတ်ဓာတ်အားပေးစက်ငယ်များ အသုံးပြုခြင်း၊

(င) စပါးခွံ၊ လွှစာမှုန့်၊ ကြံဖတ် စသည်တို့၏ လောင်စာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(စ) ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်း၊

(ဆ) ဒီဇယ်ဆီ၊ ဓာတ်ဆီလောင်စာသုံး ဓာတ်အားပေးစက်များ အသုံးပြုခြင်းစသည့် နည်းလမ်းများဖြင့် ဓာတ်အားထုတ်လုပ်သုံးစွဲမည်။

**ပုဒ်မ-၁၄** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆောက်လုပ်မှုကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်သူများ၏ အခြေခံလိုအပ်ချက်ဖြစ်သော စားဝတ်နေရေး အရေးသုံးပါးတွင် နေရေး အတွက် ဘေးကင်းလုံခြုံစိတ်ချရသော အိမ်ရာများနှင့်မြို့ပြများ စနစ်တကျ ဖွံ့ဖြိုးလာရေး အတွက် အဓိကထား ဆောင်ရွက်ရေး၊

(၂) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကိုပါ ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဆောက်လုပ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၆၈၈၃. ၀) (ကျပ်ဘီလီယံ ၂၆၉. ၉) နှင့် တိုးတက်မှုနှုန်း (၂၁. ၄) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) စီမံကိန်းကာလအတွင်း လုပ်ငန်းဌာနအဖွဲ့အစည်းများမှ တာဝန်ယူဆောင်ရွက်ရန် လျာထားသည့် လမ်း/တံတားစီမံကိန်းလုပ်ငန်းများ ပြည့်မီစွာဆောင်ရွက်မည်။

(၃) မြို့ပြနှင့်ကျေးလက်ဒေသများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး၊ အိမ်ရာကဏ္ဍများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေးနှင့် နေထိုင်မှုအဆင့်အတန်းမြင့်မားစေရေး ဆောင်ရွက်ရန် ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့မှု အရှိန်အဟုန်မပျက် တိုးတက်စေရေးအတွက် လမ်းတံတားတည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သည့်နည်းတူ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ရေး၊

(၂) မြို့ပြနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ အိမ်ရာဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်သည့် အကူအညီများ ကို ဆက်လက်ပေးသွားရန်ဖြစ်သည်၊

(၃) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှု လျော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈) ရပ်ကို အထောက်အပံ့ကောင်းဖြစ်စေမည့် မြို့ပြဖွံ့ဖြိုးရေးမူဝါဒများနှင့် မြို့ပြမဟာဗျူဟာများ ချမှတ်ဆောင်ရွက်ရေး။

**ပုဒ်မ-၁၅** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ပို့ဆောင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ စီမံခန့်ခွဲရေးတို့ကို အထောက်အကူပြုသော လမ်းပန်းဆက်သွယ်မှု တိုးတက်စေရေးနှင့် ပုဂ္ဂလိကခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်း လိုအပ်ချက်များအား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

(၂) ရထားပို့ဆောင်မှုစနစ်တွင် ပါဝင်သည့် အစိတ်အပိုင်းအားလုံးကို ပြန်လည်သုံးသပ်၍ အရည်အသွေးမြင့်တင်လျက် ပို့ဆောင်ရေး စွမ်းရည် မြှင့်တင်ပေးရန်၊

(၃) ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်စေရန်အတွက် စနစ်တကျ ကြီးကြပ်ကွပ်ကဲရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ပို့ဆောင်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၆၅၀၀၇. ၁) (ကျပ်ဘီလီယံ ၂၆၅. ၀) နှင့် တိုးတက်မှုနှုန်း (၇. ၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်၊

(၂) နှစ်စဉ်အသားတင် ဘဏ္ဍာငွေများကို တိုးတက်ရှာဖွေပေးရန်ဖြစ်သည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မူဆယ်ခရိုင်ရုံးတွင် Mobile Test Line များ တပ်ဆင်ခြင်း ဆောင်ရွက်မည်၊

(၂) ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် မြစ်ကြောင်းထိန်းသိမ်းရေး လုပ်ငန်းများ၊ ကမ်းပြို ကမ်းထိန်းလုပ်ငန်းများ၊ မြေထိန်းနံရံ တည်ဆောက်ခြင်းနှင့် မြစ်ရေလမ်းကြောင်း ပိတ်ဆို့ နေမှုအား ရှင်းလင်းခြင်းလုပ်ငန်းများနှင့် မြစ်ရေတင်စက်ရရှိရေးလုပ်ငန်းများ ဆောင်ရွက် သွားမည်၊

(၃) ပြည်နယ်အတွင်းပြည်သူများ လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းများကို အပြည့်အဝ လိုက်နာစေရန် စီမံဆောင်ရွက်မည်။

**ပုဒ်မ-၁၆** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ဆက်သွယ်ရေးကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စာတိုက်၊ ကြေးနန်း၊ တယ်လီဖုန်းလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခန်းကဏ္ဍ အနေဖြင့် Public Private Partnership (PPP) ပုံစံဖြင့် ဆောင်ရွက်သွားရန် ရည်မှန်းချက် ထားရှိပြီး ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုကို ပိုမိုခွင့်ပြုဆောင်ရွက်ရေး၊

(၂) ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်ရေးဆွဲထားရှိပြီးဖြစ်သော ဥပဒေများအပေါ် အတည်ပြု ဆောင်ရွက်ခြင်း၊ လိုက်နာကျင့်သုံးခြင်းများ ဆောင်ရွက်ရေး၊

(၃) ပြည်တွင်း ဆက်သွယ်ရေးကဏ္ဍ၏ တည်ဆောက်မှုလုပ်ငန်း၊ ထုတ်လုပ်မှုလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအား ပါဝင်ဆောင်ရွက်ခွင့် ပြုမည်ဖြစ်ပြီး IT (Information Technology) ကဏ္ဍတွင် နိုင်ငံသားနှင့် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုအား အချိုးအစားမျှတစွာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများ ဆက်လက် ဖန်တီးပေးရေး၊

(၄) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရေး။

(ခ) ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဆက်သွယ်ရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၉၁၅၇၄. ၄) (ကျပ်ဘီလီယံ ၉၁. ၆)နှင့် တိုးတက်မှုနှုန်း (၃၄. ၆) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(၂) မြို့ပြတွင်သာမက ကျေးလက်ဒေသအထိ တယ်လီဖုန်းတိုးချဲ့တပ်ဆင် ဆောင်ရွက်ရေး။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကွန်ပျူတာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ပြည်နယ်တွင် နည်းပညာပြန့်ပွားရေး Center များ ဖွင့်လှစ်ဆောင်ရွက်မည်၊

(၂) မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့သည်နှင့်အမျှ ပြည်တွင်း/ပြည်ပတယ်လီဖုန်း ခေါ်ဆိုမှုတွင် လွယ်ကူချောမွေ့စေရန် စီစဉ်ဆောင်ရွက်မည်၊

(၃) စာပို့တိုက်လုပ်ငန်းတွင် ပြည်တွင်းအီလက်ထရောနစ်၊ အမြန်ငွေပို့လွှာလုပ်ငန်း (Online Money Order) စနစ်အား စတင်ဆောင်ရွက်မည်၊

(၄) သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အရေးပေါ် ဆက်သွယ်မှုစနစ် (Back-up System) အဖြစ် ရေဒီယိုကြေးနန်းစနစ်ကို အဆင့်မြှင့်တင်ခြင်း၊ ကြေးနန်းရုံးအသစ်များဖွင့်လှစ်ခြင်း၊ ဖက်စ်ကြေးနန်းနှင့် ကွန်ပျူတာကြေးနန်း၊ (e-Telegram) ကြေးနန်းများကို တိုးချဲ့ခြင်းကို ဆောင်ရွက်မည်၊

(၅) ကျွမ်းကျင်ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်နိုင်ရေးအတွက် ကြေးနန်းဆက်သွယ်ရေးနှင့် စာတိုက်သင်တန်းကျောင်းတွင် လေ့ကျင့်သင်ကြားရန် အစီအစဉ်ရေးဆွဲဆောင်ရွက်မည်။

**ပုဒ်မ-၁၇** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငွေရေးကြေးရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ခေတ်မီဘဏ်လုပ်ငန်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်နှင့် နိုင်ငံတကာ ရင်ပေါင်တန်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်သည်။

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ငွေရေးကြေးရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၇၄၀.၀) (ကျပ်ဘီလီယံ ၂.၇) နှင့် တိုးတက်မှုနှုန်း (၄၂.၇) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

(ဂ) လုပ်ငန်းစဉ်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်သည်၊

(၂) ငွေကြေးစီးဆင်းမှု လွယ်ကူချောမွေ့ အဆင်ပြေစေရေး ကြိုးပမ်းဆောင်ရွက်ရန် ဖြစ်သည်။

**ပုဒ်မ-၁၈** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ကျောင်းနေအရွယ် လူငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေး၊

(၂) နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း မြင့်မားလာစေရေး၊

(၃) သဘာဝအရင်းအမြစ်မှရရှိသော စွမ်းအင်များကို အသုံးချ၍ သုတေသနလုပ်ငန်းများ တိုးချဲ့ရေး၊

(၄) အရည်အချင်းပြည့်ဝသော လူသားအရင်းအမြစ်များ ပြုစုပျိုးထောင်ပေးရေး၊

(၅) ကျန်းမာရေးစနစ်ကို အားဖြည့်ဆောင်ရွက်ခြင်းအား အထူးအလေးပေး ဆောင်ရွက်ရေး၊

(၆) အလုပ်သမားများ ကျန်းမာမှု တိုးတက်ကောင်းမွန်စေ၍ အလုပ်လုပ်နိုင်သည့် စွမ်းအား မြင့်မားပြီး ကုန်ထုတ်လုပ်မှု တိုးတက်စေရေး၊

(၇) အလုပ်မလုပ်နိုင်သည့်အခါ အလုပ်သမားနှင့် မိသားစု စားဝတ်နေရေးအတွက် ထောက်ပံ့မှု ရရှိစေရေး၊

(၈) နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့် အကောင်အထည်ဖော်ရန်ရှိသည့် ရေတို၊ ရေရှည်လုပ်ငန်း များကို ပြည်သူများအား ပြန်ကြားအသိပေးရေး၊

(၉) ၂၀၁၅ ခုနှစ်မှာ ဖော်ဆောင်မည့် အာဆီယံအသိုက်အဝန်း ထူထောင်ရေး လုပ်ငန်းစဉ် များကို ဖော်ဆောင်ရေး၊

(၁၀) အထက်ဖော်ပြပါမူဝါဒများကို အကောင်အထည်ဖော်ရာတွင် ပြည်နယ်အဆင့် ဌာနဆိုင်ရာ များက မိမိတို့၏ သက်ဆိုင်ရာဝန်ကြီးဌာန ရည်မှန်းချက်များနှင့် ဆီလျော်သည်များကို ဆောင်ရွက်သွားရမည်။

( ခ ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၅၂၄၈. ၅) (ကျပ်ဘီလီယံ ၆၅. ၃) နှင့် တိုးတက်မှုနှုန်း (၀. ၃) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

**ပုဒ်မ-၁၉** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု ကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) အာဆီယံအသိုက်အဝန်း ရည်မှန်းချက်များ ၂၀၁၅ ခုနှစ်တွင် ပြည့်မီရန်အတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာအရည်အချင်းများကို အသိအမှတ်ပြုရေး၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်သည်၊

(၂) ပုဂ္ဂလိကပိုင် ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုအဆင့်မြင့်တင်ရေး ဆောင်ရွက်ပေးရန်၊

(၃) တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှု အမွေအနှစ်များ၊ ဓလေ့ထုံးစံများ၊ ရေမြေ တောတောင် သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ရေရှည်တည်တံ့ ခိုင်မြဲစေမည့် ဝန်ဆောင်မှုလုပ်ငန်းများအား စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

( ခ ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၂၁၀၀၄၅. ၂) (ကျပ်ဘီလီယံ ၂၁၀. ၁) နှင့် တိုးတက်မှုနှုန်း (၂၅. ၅) ရာခိုင်နှုန်း ရရှိရန် ရည်မှန်း ထားပါသည်။

**ပုဒ်မ-၂၀** ရှမ်းပြည်နယ်၏ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဒေသန္တရစီမံကိန်းတွင် ကုန်သွယ်မှုကဏ္ဍနှင့် စပ်လျဉ်း၍-

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ပို့ကုန်တိုးမြှင့်ရေး ဦးစားပေးဆောင်ရွက်ရေး၊

(၂) ထပ်ဆင့်တိုးတန်ဖိုးရ ကုန်ချောပစ္စည်းများအဖြစ် တိုးချဲ့ထုတ်လုပ်တင်ပို့ရောင်းချရေး၊

(ခ) ရည်မှန်းချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) ၂၀၁၃-၂၀၁၄ ခုနှစ်၊ ကုန်သွယ်မှုကဏ္ဍ၏ စီမံကိန်းရည်မှန်းချက်ကို ၂၀၁၀-၂၀၁၁ ခုနှစ်၊ ပုံမှန်ဈေးနှုန်းများအရ ကျပ်သန်းပေါင်း (၆၆၆၂၇၆. ၂) (ကျပ်ဘီလီယံ ၆၆၆. ၃) နှင့် တိုးတက်မှုနှုန်း (၄. ၁) ရာခိုင်နှုန်း ရရှိရန် ရည်မှန်းထားပါသည်။

**အခန်း (၅)**

**အထွေထွေ**

**ပုဒ်မ-၂၁** ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့်သက်ဆိုင်သည့် ဒေသန္တရ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံး ဆောင်ရွက်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) စဝ်အောင်မြတ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

# ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ
## ( ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂/၂၀၁၃ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၅ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အပိုင်း ၁**

**အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်**

၁။ (က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

**အပိုင်း ၂**

**တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ**

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများနှင့်

တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို တိုင်းဒေသကြီး၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီ ရငွေနှင့် ချေးယူရငွေတို့အတွက် လျာထားရန် အကြောင်းပေါ်ပေါက်လာပါက ယင်းသို့ရရှိသော ငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားခြင်းမရှိသေးသော သုံးငွေများကို သုံးစွဲရန်ကိစ္စများနှင့်စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီးလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပြည်ထောင်စုအစိုးရအဖွဲ့က ခွင့်ပြုသတ်မှတ် ထားသည့် ငွေထက် မပိုစေရ။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၃ -၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန် ဆိုင်ရာ ဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး
### အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃
၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၇ ရက် )

ခွင့်ပြုထားသည့် နိုင်ငံတော်သမ္မတရုံး ဖွဲ့စည်းပုံအရ သမ္မတရုံးဝန်ကြီးဌာန (၂) တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) နေရာတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ တပ်မတော်မှတ်တမ်းညွှန်ကြားရေးမှူးရုံးမှ ကူးပြောင်းအမှုထမ်းဆောင်ခွင့်ပြုထားသည့် တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်ရုံးမှ အမှတ်၊ ၇၄၃၀၄၂ ဒုတိယအရာခံဗိုလ်/စာရေး လှိုင်ဝင်းအား လုပ်ငန်းတာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုမင်းအား ယင်း၏ဆန္ဒအရ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အလုပ်မှနုတ်ထွက်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၃
၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၅ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်စွဲပါ စာအမှတ်၊ ၃၀/၁၅၂-ပြောင်းရွှေ့/အဖရ (၂၀၁၃) နှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်စွဲပါ စာအမှတ်၊ ၁၈၀/(၁-၁)/ဝန်ထမ်း/ခုံရုံးတို့အရ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၆) မှ ဒုတိယ

ညွှန်ကြားရေးမှူးချုပ် ဦးအောင်လွင်ဦးအား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်စေလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
## အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၁၃

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

### ကိုယ်ရေးအရာရှိတာဝန် ထမ်းဆောင်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၃ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ကိုယ်ရေးအရာရှိအဖြစ် တာဝန်ပေးခန့်အပ်ခဲ့သည့် ကိုယ်ရေးအရာရှိ ဦးသောင်းလှိုင်သည် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည်။

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အမိန့်ကြော်ငြာစာ (၄၅/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၅ ရက် )

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရေကြည်မြို့နယ်၊ မြို့မရပ်ကွက်၊ ပိတောက်ချောင်းပိုင်း၊ ကွင်းအမှတ်/အမည် - (၂၀၄၄-စီ/ရေကြည်မြို့ကွင်း)၊ ဦးပိုင်အမှတ် (၈၁ဃ) မှ **မြေဧရိယာ (၀. ၂၅၇) ဧက**ရှိမြေအား **မမွရေကြည်အေးစေတီတော်**မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဖြစ်စေရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၆/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၆ ရက် )

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲ၊ အမှတ် (၃) ရပ်ကွက်၊ ကွင်းအမှတ်/အမည် - (OSS/ရှင်ဗွေယန်)၊ ဦးပိုင်အမှတ် (၇)၊ **မြေဧရိယာ (၄. ၈၅) ဧက**ရှိမြေအား

**ရှင်ဗွေယန်မြို့နယ်ခွဲ (နှစ်ခြင်းဘုရားရှိခိုးကျောင်း)** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက် မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၄၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၅ ရက် )

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြောင်မြို့နယ်၊ ဘူးကိုင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၇၃/ဘူးကိုင်းရွာမကွင်း)၊ မြေကွက်အမှတ် (F - ၁၀၈၂၊ ၁၀၉၀၊ ၁၀၉၁၊ ၁၀၈၉၊ ၁၀၉၂၊ ၁၁၃၄၊ ၁၁၃၅၊ ၁၁၄၃၊ ၁၁၄၄၊ ၁၁၉၇၊ ၁၁၉၈၊ ၁၂၁၃၊ ၁၂၃၁၊ ၁၂၃၂) ရှိ **မြေဧရိယာ (၂. ၅၀) ဧက**အား **"ဗောဓိကျောင်းတိုက်"** အခွန်လွတ်သာသနာ့မြေအဖြစ် အသုံးပြုရန် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာ (၆၂/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၄ ရက် )

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့၊ ဘင်လှိုင်ရပ်ကွက်၊ အကွက်အမှတ်/အမည် (၇၉/စိန္တာလီအကွက်)၊ ဦးပိုင်အမှတ် (၆ - က) မှ **မြေဧရိယာ (၄. ၁၀၇) ဧက**ရှိမြေအား **အောင်ဆုပန်အေးဘုန်းတော်ကြီးကျောင်း** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၃၂ နှင့် အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၆ ရက် )

အမှတ် ၇၂/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့တွင် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိမှ ကြိုတင်သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

### တပ်မတော် (ကြည်း)

(၁) ကံကြီး ကြည်း ၆၅၉၂၇

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

## အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၃)

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက် )

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ နေ့တွင် ကျင်းပပြုလုပ်သော အရာထမ်းများ ပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးစိစစ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနရှိ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် အင်ဂျင်နီယာချုပ် ဦးခင်မောင်ထွန်းအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မိုဘိုင်းဆက်သွယ်ရေးစခန်းရှိ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် အင်ဂျင်နီယာချုပ်အဖြစ် ပြောင်းရွှေ့တာဝန်ချထားလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၅၈/၂၀၁၃)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ နေ့တွင် ကျင်းပပြုလုပ်သော အရာထမ်းများ ပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးစိစစ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနမှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းအောင်အား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပစ္စည်းဌာနရှိ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် ဒုတိယအထွေထွေမန်နေဂျာအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ၂၀၁၃ ခုနှစ်၊ မေလ ၂၇ နေ့တွင် ကျင်းပပြုလုပ်သော အရာထမ်းများ ပြောင်းရွှေ့ရေးနှင့် ရာထူးတိုးမြှင့်ရေးစိစစ်ရေးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)၊ တိုင်းမန်နေဂျာရုံး၊ ပဲခူးမြို့မှ လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) တန်းဝင် လက်ထောက်အထွေထွေမန်နေဂျာ ဦးစောထူးသာအား ၂၀၁၃ ခုနှစ်၊ ဇွန်လ ၄ ရက်နေ့ (နံနက်ပိုင်း) မှစ၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မန္တလေးတိုင်းဒေသကြီး၊ တိုင်းမန်နေဂျာရုံး၊ မန္တလေးမြို့ရှိ လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) တန်းဝင် ဒုတိယအထွေထွေမန်နေဂျာအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

အောင်မော်၊
ဦးဆောင်ညွှန်ကြားရေးမှူး၊
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၄ ရက် ( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

မြန်မာကုမ္ပဏီများအက်ဥပဒေအရ

**လင်းပကြယ် ကုမ္ပဏီလီမိတက်**

အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်းနှင့် ရရန်ရှိသည့်ကြွေးများတောင်းခံရန်သတိပေးခြင်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့ ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည် -

၁။ ကုမ္ပဏီကို အလိုအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်တင်ဝင်းယု ဖမ်မက်ဂရု(ပ်) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရန်နှင့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် တာဝန်လွှဲအပ်ရန်၊

၃။ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၂၆-၈-၂၀၁၃) နေ့နောက်ဆုံးထား၍ ကုမ္ပဏီမှရရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာတင်ပြ၍ တောင်းခံကြပါရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါနေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

ဦးခင်မောင်ဝင်း
ဥက္ကဋ္ဌ
လင်းပကြယ် ကုမ္ပဏီလီမိတက်

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက်ဂရု (ပ်)
အမှတ် ၆၃၅ (အေ-၁)၊ အခန်း (ဘီ-၃)၊
ရိုးမရိပ်သာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၃၀၄၃၄၉၊ ၅၂၃၃၂၇

## ASIA BUSINESS STAR COMPANY LIMITED

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**ASIA BUSINESS STAR COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ အမှတ်-၁၁၂/၈၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၈-၂၀၁၃) ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဒေါ်ချိုချိုမြင့်
စာရင်းစစ်
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ASIA BUSINESS STAR COMPANY LIMITED

## SIX ONE TWO MINING COMPANY LIMITED

(ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င)

**SIX ONE TWO MINING COMPANY LIMITED** ၏ စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အတည်ပြုရန် နောက်ဆုံးအစည်းအဝေးကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၈ (င) အရ အမှတ်-၉/A၊ သံသုမာလမ်း၊ ဇီဇဝါအိမ်ရာ (၂)၊ ၁၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၌ (၂၆-၈-၂၀၁၃) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီတွင် ကျင်းပမည်ဖြစ်ပါသည်။

ဦးချန္ဒရာ
အထက်တန်းရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
SIX ONE TWO MINING COMPANY LIMITED

ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

**မိုးကြိုးခြင်္သေ့ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

**THUNDER LION MINING CO., LTD.**

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ **မိုးကြိုးခြင်္သေ့ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက် (THUNDER LION MINING CO., LTD.)** အား ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်နေ့မှစ၍ အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဆန်းထွန်း (B.A, C.P.A, F.B.S.A) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ထက် နောက်မကျစေဘဲ အောက်ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းများကို ပြုလုပ်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

U Kyaw Thu Ya
Managing Director
Thunder Lion Mining Co., Ltd.

ဦးဆန်းထွန်း
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
မိုးကြိုးခြင်္သေ့ သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်
(ဖျက်သိမ်းဆဲ)

**ချယ်ရီစကားဝါ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်**

**(CHERRY SAGAWAR TRADING COMPANY LIMITED.) အား**

**(အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

**နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း**

**“ချယ်ရီစကားဝါ ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်”** (CHERRY SAGAWAR TRADING COMPANY LIMITED.) ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့၊ နံနက် (၁၀း၀၀) နာရီအချိန်တွင်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် (၁၇၆) (ပထမထပ်) တွင် ကျင်းပပြုလုပ်မည်ဖြစ်၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးအီနုစ်
တရားလွှတ်တော်ရှေ့နေ
YE NOOS & ASSOCIATES (Law Firm)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## စပါးစိုက်တောင်သူများ ကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်

## PADDY FARMERS' PROSPERITY CO.,LTD.

## အစုရှင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၃ ခုနှစ်၊ ဇူလိုင်လ (၂၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ စပါးစိုက်တောင်သူများ ကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် (PADDY FARMERS' PROSPERITY CO.,LTD.) အား (၂၅-၇-၂၀၁၃) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း၊ ဒေါ်မိုးမိုးအေး (B.Com, Dip I.F.R, Diploma in Business Law) အား တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်လည်းကောင်း ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၆) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိုးထွန်းရှိန်
**Managing Director**
Paddy Farmers' Prosperity Co.,Ltd.

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
**YE NOOS & ASSOCIATES (Law Firm)**
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၆၀၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၂၆-၇-၂၀၁၃။